# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# အိန္ဒိယသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း
# လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

ဒေါက်တာကြည်ကြည်ခင်
ဒုတိယညွှန်ကြားရေးမှူး
တရားစီရင်ရေးဌာနခွဲ


၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လ ၂၉ ရက်

# အိန္ဒိယသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အိန္ဒိယနိုင်ငံပေါ်ပေါက်လာပုံနှင့် သမိုင်းကြောင်း | ၂ |
| ၃။ | ဗြိတိသျှအစိုးရက အရှေ့အိန္ဒိယကုမ္ပဏီကို ဥပဒေပြုရေး လက္ခဏာရပ်ရှိသော ကန့်သတ်သည့်အာဏာများ စတင်အပ်နှင်းခြင်း | ၃ |
| ၄။ | ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေ ပေါ်ပေါက်လာခြင်း | ၇ |
| ၅။ | အခြေခံဥပဒေရေးဆွဲခြင်းနှင့် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိခြင်း | ၉ |
| ၆။ | နိုင်ငံဖွဲ့စည်းမှု | ၁၂ |
| ၇။ | ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ထူးခြားသည့်အချက်များ | ၁၂ |
| ၈။ | အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်ကျင့်သုံးပုံ | ၁၃ |
| ၉။ | ဖက်ဒရယ်စနစ်၏ သဘောလက္ခဏာများ | ၁၄ |
| ၁၀။ | အခြေခံဥပဒေနိဒါန်း | ၁၄ |
| ၁၁။ | ဥပဒေပြုရေး | ၁၅ |
| ၁၂။ | ဥပဒေပြုပိုင်ခွင့်အာဏာ | ၁၇ |
| ၁၃။ | အုပ်ချုပ်ရေး | ၁၉ |
| ၁၄။ | အုပ်ချုပ်ရေးအာဏာကိုခွဲဝေကျင့်သုံးခြင်း | ၂၁ |
| ၁၅။ | တရားစီရင်ရေး | ၂၂ |
| ၁၆။ | နိုင်ငံတော်တရားရေးဆိုင်ရာ ခန့်အပ်ရေးကော်မရှင် | ၂၅ |
| ၁၇။ | နိုင်ငံသားများ၏ မူလအခွင့်အရေးများ | ၂၇ |
| ၁၈။ | ရွေးကောက်ပွဲကော်မရှင် | ၂၇ |
| ၁၉။ | အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ | ၂၉ |
| ၂၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း | ၃၀ |
| ၂၁။ | နိဂုံး | ၃၁ |

# အိန္ဒိယသမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်မြေအကျယ်အဝန်းအားဖြင့် ခုနစ်ခုမြောက် အကြီးဆုံးနိုင်ငံ၊ ဒုတိယလူဦးရေအများဆုံးနိုင်ငံ၊ ဒီမိုကရေစီအထွန်းကားဆုံးနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများမှာ အနောက်ဘက်တွင် ပါကစ္စတန်နိုင်ငံ၊ မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ နီပေါနိုင်ငံ နှင့် ဘူတန်နိုင်ငံ၊ အရှေ့ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ အနောက်တောင်ဘက်တွင် အာရေဗီယန်ပင်လယ်နှင့် အရှေ့တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့နှင့် ထိစပ်နေသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၃,၂၈၇,၄၆၉ ရှိပြီး မြန်မာနိုင်ငံထက် ၄.၉ ဆ ထက်ကြီးသည်။ နိုင်ငံရှိ လူဦးရေမှာ ၁,၄၁၃,၂၇၃,၇၃၉ (၁.၄၁ ဘီလီယံ) ခန့်ရှိသည်။ နိုင်ငံ၏ မြို့တော်မှာ နယူးဒေလီမြို့ဖြစ်သည်။ နိုင်ငံကို ပြည်နယ်ပေါင်း (၂၈) ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (၈) ခုဖြင့် ဖွဲ့စည်းထားသည်။[၁]




---

[၁] www.wikipedia.com

**အိန္ဒိယနိုင်ငံပေါ်ပေါက်လာပုံနှင့် သမိုင်းကြောင်း**

၂။ အိန္ဒိယသည် သမိုင်းခေတ်မတိုင်မီ အနှစ်ထောင်ပေါင်းများစွာကပင် လူနေအဆက်မပြတ်ခဲ့၍ အလွန်ရှေးကျလှသည့်ကာလက ပေါ်ထွန်းခဲ့သော တိုင်းပြည်ကြီးတစ်ပြည်ဖြစ်သည်။ ဘီစီ ၁,၅၀၀ ခန့်တွင် အာရိယန်လူမျိုးများသည် ခိုက်ဗာတောင်ကြားလမ်းမှ အဆက်မပြတ် စီးနင်းဝင်ရောက်လာ၍ လုယက်တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် အိန္ဒုမြစ်ဝှမ်းတွင်ရှိနေကြသော တိုင်းရင်းသား ဒြာဗီးဒီးယန်းတို့သည် ထိုဒေသမှ ထွက်ပြေးခဲ့ကြ၍ အိန္ဒိယအလယ်ပိုင်းနှင့် မြောက်ပိုင်းသို့ အနှံ့အပြား ရောက်သွားကြသည်။ ထို့နောက်တွင် နှစ်ပေါင်းထောင်နှင့်ချီသော ကာလအပိုင်းအခြားအတွင်း၌ အာရိယန်တို့သည် ယင်းတို့၏ ဘုန်းလက်ရုံးကို တဖြည်းဖြည်းချဲ့ခဲ့ရာ တစ်စတစ်စနယ်ကျယ်ပြန့်လာ၍ ဂင်္ဂါမြစ်ဝှမ်းအထိ ရောက်လာကြပြီးလျှင် အိန္ဒိယမြောက်ပိုင်း တစ်ခွင်တစ်ပြင်လုံးကို လွှမ်းမိုးကြီးစိုးခဲ့ကြလေသည်။

၃။ အိန္ဒိယနိုင်ငံ၏ သမိုင်းခေတ်သည် ဘီစီ (၆) ရာစုက စတင်ခဲ့သည်။ ထိုအချိန်တွင် အာရိယန်တို့သည် အိန္ဒုမြစ်ဝှမ်းနှင့် ဂင်္ဂါမြစ်ဝှမ်းတို့၌ တိုင်းကြီး ၁၆ တိုင်းတည်ထောင်ကာ ဘုန်းမီးနေလထွန်းပနေကြသည်။[၂]

၄။ မွန်ဂို (Mughals) လူမျိုးများသည် ကိုလိုနီလက်အောက်ခံဘဝမရောက်မီ ယနေ့ထိပိုင်ဆိုင်နေသော အိန္ဒိယနယ်မြေအစိတ်အပိုင်းအများစုကို ထိန်းချုပ်ခဲ့သည့် နောက်ဆုံးအင်ပါယာဖြစ်ခဲ့သည်။ မွန်ဂိုအင်ပါယာသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခွန်ကောက်ခံခြင်းကိစ္စတို့နှင့် ဆက်နွယ်နေသည်။ အိန္ဒိယနိုင်ငံတွင် ကိုလိုနီလက်အောက်ခံဘဝ မရောက်မီအချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်းသည့် အတွေးအမြင်သဘောထားများ ကောင်းစွာဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပေ။[၃]

၅။ ဗတ်စကိုဒဂါးမားသည် (၁၄၉၈- ၁၅၀၃) ခုနှစ်များတွင် ပေါ်တူဂီကုန်သွယ်ရေးစခန်းများကို တည်ထောင်ခဲ့သည်။ ဒတ်ချ်တို့ကလည်း ထိုနည်းတူစွာ တည်ထောင်ခဲ့သည်။ ၁၅၀၃ ခုနှစ်တွင် ပေါ်တူဂီလူမျိုးများသည် အိန္ဒိယနိုင်ငံသို့ ပထမဦးစွာ ရောက်ရှိခဲ့ကြသော ဥရောပတိုက်သားများဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ပြင်သစ်၊ ဒတ်ချ်နှင့် အင်္ဂလိပ်တို့က ဆောင်ရွက်ခဲ့ကြသည်။ ၁၆၀၉ ခုနှစ် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် ဟင်းခတ်အမွှေးအကြိုင်နှင့် အထည်အလိပ်ကုန်သွယ်ရေးတွင် မွန်ဂိုဧကရာဇ်ထံမှ ကုန်သွယ်ရန်အလို့ငှာ ဝင်ရောက်ခွင့်ရရှိရန် ကပ္ပတိန် ဝီလီဟော့ကင်းစ်ကို စေလွှတ်ခဲ့သည်။ ၁၇ ရာစု အစောပိုင်းတွင် ဥရောပတိုက်သားများက အိန္ဒိယပြည်နယ်တွင် ကုန်သွယ်ရေးကို စတင်ဆောင်ရွက်ခဲ့ကြပြီးနောက် ၁၈ ရာစုအလယ်ပိုင်းတွင် မွန်ဂိုအင်ပါယာ စတင်ပျက်

---

[၂] မြန်မာစွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ အတွဲ (၁၅)၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ရန်ကုန်၊ စာ- ၄၀၀-၄၀၃.

[၃] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 13.

သုန်းလာခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဗြိတိသျှတို့က အိန္ဒိယတိုက်ငယ်တွင် အာဏာလွှမ်းမိုးမှု ကြီးမားလာခဲ့သည်။[၄] ဗက်စကိုဒါဂါးမားသည် ဗာလဗာကမ်းရိုးတန်းရှိ ကလီကတ်၌ အခြေချသည် မှစ၍ နှစ်ပေါင်း ၂၀၀ အတွင်း ဥရောပနိုင်ငံကြီးများသည် ကြွယ်ဝသော အိန္ဒိယအား ကုန်သွယ်ရေး အကြောင်းပြုပြီးလျှင် သိမ်းပိုက်နိုင်ရန် အပြိုင်ကြိုးပမ်းလာကြသည်။ ယင်းတို့အနက် ဗြိတိသျှသည် စီးပွားပြိုင်ဘက် အခြားဥရောပနိုင်ငံသားများအား အသာစီးရယူကာ မွန်ဂို၊ မာရတ္ထစသော အခြား အိန္ဒိယတိုင်းရင်းသား မင်းညီမင်းသားများကို နှိမ်နင်းသိမ်းသွင်းခဲ့သည်။[၅] စီးပွားရေးနှင့် နိုင်ငံရေး သဘောဆန်သည့် ကုမ္ပဏီများဖြစ်သော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအပါအဝင် ဥရောပကုန် သွယ်ရေးကုမ္ပဏီများသည် ကမ်းရိုးတန်းအခြေစိုက်စခန်းများကို ကိုလိုနီပြုမှုစတင်ခဲ့ပြီး အရှေ့ အိန္ဒိယကုမ္ပဏီ၏ ပင်လယ်ရေကြောင်း၊ သဘာဝသယံဇာတနှင့် စစ်ရေးဆိုင်ရာကျွမ်းကျင်မှုနှင့် နည်းပညာမြင့်မားမှုတို့ကြောင့် အိန္ဒိယအထက်တန်းလွှာများကို ပိုမိုဆွဲဆောင်စေခဲ့ပြီး စစ်ရေး ခိုင်မာအားကောင်းမှုကိုလည်း ဦးတည်စေခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီသည် မွန်ဂိုအင်ပါယာ (Mughal Emperor Jahangir) လက်ထက်တွင် အိန္ဒိယ၌ ခြေကုပ်ရယူရန်ကြိုးပမ်းခဲ့ပြီး စီးပွားရေး နှင့်ကုန်သွယ်ရေးတို့ကို အဓိကထား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။[၆]

**ဗြိတိသျှအစိုးရက အရှေ့အိန္ဒိယကုမ္ပဏီကို ဥပဒေပြုရေးအာဏာလက္ခဏာရပ်ရှိသော ကန့်သတ် သည့် အာဏာများ စတင်အပ်နှင်းခြင်း**

၆။ ဗြိတိသျှအစိုးရက အရှေ့အိန္ဒိယကုမ္ပဏီကို ပထမဦးစွာကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်း တာဝန်များဆောင်ရွက်နိုင်ရန်နှင့် အပြစ်ပေးမှုများ ချမှတ်နိုင်ရန် အခွင့်အာဏာအပါအဝင် ဥပဒေ ပြုရေးသဘောပါသော အာဏာအကန့်အသတ်အချို့ကို ပေးအပ်ခဲ့သည်။ နောက်ပိုင်းတွင် ကုမ္ပဏီ ၏ ဆောင်ရွက်ချက်များ ကျယ်ပြန့်လာသဖြင့် ၎င်းက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင် ရေးအာဏာကိုပါ နောက်ဆုံးတွင် တောင်းဆိုရယူခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီက ထုတ်ပြန် လိုက်သည့် ဥပဒေများသည် ၎င်းတို့ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေအများအပြားတွင် တရားရုံးများနှင့် အင်္ဂလိပ်ဥပဒေများဆိုင်ရာ အဖွဲ့အစည်းများကို တည်ထောင်ရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းကုမ္ပဏီဝန်ထမ်းများက အိန္ဒိယနိုင်ငံအတွက် ဥပဒေပြုပိုင်ခွင့်ရှိသူများကဲ့သို့ အခွင့် အာဏာများရရှိခဲ့ကြပြီး တာဝန်ခံမှု၊ တာဝန်ယူမှုမရှိပေ။ အရှေ့အိန္ဒိယကုမ္ပဏီအဖြစ်ဖြင့် ဗြိတိသျှ တို့သည် အိန္ဒိယတစ်နိုင်ငံလုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ဗြိတိသျှပါလီမန်က နိုင်ငံရေးလမ်းညွှန်မှု များကို ပေးခဲ့သည်။ အရှေ့အိန္ဒိယကုမ္ပဏီသည် ဗဟိုအဆင့်တွင် ဘုရင်ခံချုပ်နှင့် ၎င်း၏ ဥပဒေပြု ကောင်စီအဖွဲ့နှင့် ပြည်နယ်အဆင့်တွင် ဘုရင်ခံနှင့် ၎င်း၏ဥပဒေပြုကောင်စီအဖွဲ့တို့ဖြင့် အိန္ဒိယ

---

[၄] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 14.

[၅] မြန်မာစွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ အတွဲ (၁၅)၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ရန်ကုန်၊ စာ- ၄၀၀-၄၀၃.

[၆] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 14.

ကိုလိုနီကို လက်တွေ့အုပ်ချုပ်ခဲ့သည်။ ယင်းအရာရှိများကို အမည်စာရင်းတင်သွင်း၍ အရှေ့အိန္ဒိယကုမ္ပဏီ၏ ဆုံးဖြတ်ချက်ဖြင့်သာ ခန့်အပ်သည်။

၇။ ပါလီမန်က အရှေ့အိန္ဒိယကုမ္ပဏီ၏ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်ချက်များကို အလုံးစုံစစ်ဆေးနိုင်ရန်အတွက် **၁၇၇၃ ခုနှစ်၊ ထိန်းချုပ်ရေးအက်ဥပဒေ (the Regulating Act 1773**) ကို ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ယင်းထိန်းချုပ်ရေးအက်ဥပဒေသည် ၎င်း၏ရည်မှန်းချက် ထိရောက်မှုမရှိစေသဖြင့် ပြန်လည်ချေပနိုင်ရန်အတွက် (၁၀) ခုနှစ်အကြာတွင် အရှေ့အိန္ဒိယကုမ္ပဏီအပေါ် ဗြိတိသျှအစိုးရ၏ ထိန်းချုပ်မှုအခွင့်အာဏာ ခိုင်မာစွာရှိစေခြင်းနှင့် ထိန်းချုပ်ရေးဘုတ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုပါဝင်သော **၁၇၈၄ ခုနှစ်၊ အရှေ့အိန္ဒိယကုမ္ပဏီအက်ဥပဒေ**ကို ပြဋ္ဌာန်းခဲ့သည်။[၇]

၈။ ၁၈၂၀ နှစ်များတွင် ဘင်္ဂလား (Bengal) များ၏ ကြွယ်ဝချမ်းသာမှုနှင့် ၎င်း၏ စစ်တပ်အင်အားကြီးထွားခိုင်မာလာမှုတို့ကြောင့် အိန္ဒိယပြည်နယ်အများစုကို ထိန်းချုပ်၍သိမ်းယူရန် ဖြစ်ပေါ်လာခဲ့သည်။ **ဘုရင်ခံချုပ် လော့ဒ်ဗင်းတင့် (၁၈၂၈-၃၅)** လက်ထက်တွင် ရာဂျာများ အုပ်ချုပ်မှုကို ကန့်သတ်ခဲ့သည်။[၈] ၁၈ ရာစုနောက်ပိုင်းတွင် အရှေ့အိန္ဒိယကုမ္ပဏီသည် စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပုံစံပါသော အင်ပါယာကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး အချုပ်အခြာထိန်းချုပ်မှုကိုပါ တစ်ဖြည်းဖြည်းရယူခဲ့သည်။ ယင်းအချက်များကို တုံ့ပြန်သည့်အနေဖြင့် ဗြိတိသျှတို့က ၁၈၄၈ ခုနှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးခန့်အပ်လိုက်ခြင်းသည် ခေတ်သစ်နိုင်ငံတစ်ခု ဖြစ်ပေါ်ပြောင်းလဲရန်အတွက် အရေးပါသောအဆင့် ပြုလုပ်လိုက်ခြင်းပင်ဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီအပေါ် မကျေနပ်မှုများ တဖြည်းဖြည်းကြီးထွားလာပြီး ၁၈၅၇ ခုနှစ် အိန္ဒိယပုန်ကန်မှုကို စတင်စေခဲ့သည်။ (၁၈၅၇-၅၈) ခုနှစ် အိန္ဒိယစစ်သားများ၏ ပုန်ကန်မှုအပြီးတွင် ဗြိတိသျှတို့က တိုင်းရင်းသားအုပ်ချုပ်သူများအား ထောက်ခံလာခဲ့သည်။ ယင်းပုန်ကန်မှုကို **၁၈၅၈ ခုနှစ်တွင်** နှိမ်နင်းနိုင်ခဲ့သော်လည်း အရှေ့အိန္ဒိယကုမ္ပဏီ ပျက်သုန်းမှုကို ဖြစ်ပေါ်စေခဲ့ပြီး **ဗြိတိသျှအစိုးရတို့က အိန္ဒိယကို တိုက်ရိုက်အုပ်ချုပ်မှုဖြစ်ပေါ်စေခဲ့သည်။ ၁၈၅၈ ခုနှစ်၊ အိန္ဒိယအစိုးရအက်ဥပဒေ**သည် ဗြိတိသျှပါလီမန်က ထုတ်ပြန်ခဲ့ပြီး ယင်းဥပဒေသည် အရှေ့အိန္ဒိယကုမ္ပဏီ၏ နယ်မြေများနှင့် အုပ်ချုပ်မှုတို့ကို ဗြိတိသျှဘုရင်မကြီးထံသို့ လွှဲပြောင်းပေးရသည့် ဥပဒေဖြစ်သည်။ ၁၈၅၇ ခုနှစ်တွင် အရှေ့အိန္ဒိယကုမ္ပဏီအပေါ် ဖြစ်ပွားခဲ့သော ပုန်ကန်မှုသို့မဟုတ် ပထမအကြိမ် လွတ်လပ်ရေးကြိုးပမ်းမှုစစ်ပွဲသည် ယင်းဥပဒေကြောင့် ရပ်စဲသွား၍ ဗြိတိသျှအစိုးရကို အံ့အားသင့်စေသည့် ဥပဒေဖြစ်သည်။

---

[၇] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 15.

[၈] နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒု-ကြိမ်၊ စာ- ၂၀၃။

၉။ အရှေ့အိန္ဒိယကုမ္ပဏီ အုပ်ချုပ်ချိန်မှစ၍ ဘုရင်ခံ၏ ဥပဒေပြုကောင်စီဖွဲ့စည်းမှုကို အဓိက ပြောင်းလဲချက်တစ်ခု ပြုလုပ်ခြင်းသည် ယင်းလက်ထက်အသစ်တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဘုရင်ခံရုံးအသစ်တစ်ခု တည်ထောင်၍ ကူညီထောက်ပံ့ပေးရန် အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ သည်။ ယင်းရုံးသည် ဘုရင်ခံရုံးကို အစားထိုးခြင်းပင်ဖြစ်သည်။[၉]

၁၀။ ယင်းကဲ့သို့ ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သော်လည်း အိန္ဒိယကိုလိုနီနယ်မြေတွင် အကြီး အကျယ် ပြောင်းလဲမှုမဖြစ်ပေါ်ခဲ့ပေ။ အရှေ့အိန္ဒိယကုမ္ပဏီက အိန္ဒိယကို စီမံအုပ်ချုပ်နိုင်ရန် အတွက် အုပ်ချုပ်ရေးဆိုင်ရာ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်အချို့ကို ပြောင်းလဲထားသည့် **၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီအက်ဥပဒေ**ကို ပြုလုပ်ခဲ့ကြသည်။ ယင်းဥပဒေသည် ကောင်စီတွင် အိန္ဒိယ လူမျိုးများ ကိုယ်စားပြုခွင့်ရရှိရန် တိုးတက်လာမှုတော့ မရှိပေ။ ထို့နောက် ၁၈၈၅ ခုနှစ်တွင် အိန္ဒိယ အမျိုးသားကွန်ဂရက်ပါတီ ဖွဲ့စည်းတည်ထောင်မှု ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ၁၈၈၅ ခုနှစ် တွင် အိန္ဒိယအမျိုးသားကွန်ဂရက် ဖွဲ့စည်းတည်ထောင်ပြီးနောက် အမှန်တကယ်ပြောင်းလဲမှုများ အတွက် တောင်းဆိုမှုများ ပိုမိုဖိအားပေးလာသည်။ ယင်းကွန်ဂရက်ပါတီကို moderate wing သဘောတရားဖြစ်သော နိုင်ငံရေးပါတီတစ်ရပ်၏ အလယ်အလတ်လမ်းစဉ်က လွှမ်းမိုးချုပ်ကိုင်ခဲ့ သည်။ ထိုကာလအတွင်း မဟတ္တမဂန္ဒီသည် အမျိုးသားလှုပ်ရှားမှုများ၏ ခေါင်းဆောင်ဖြစ်လာခဲ့ ပြီး လက်နက်မစွဲကိုင်ပဲ ဗြိတိသျှအစိုးရအား အနုနည်းဖြင့် ဆန့်ကျင်ရေးလမ်းစဉ်ကိုသာ ဂန္ဒီကျင့် သုံးခဲ့သည်။ အနုနည်းလမ်းစဉ်ကို ကျင့်သုံးလင့်ကစား အမျိုးသားလှုပ်ရှားမှုများ ပို၍ပို၍ ပြင်းထန် လာခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုသံများ ပိုမိုကျယ်လောင်လာသည်။ ဗြိတိသျှတို့ လက်အောက်သို့ ရောက်ခဲ့သည့်အချိန်မှစ၍ အိန္ဒိယမျိုးချစ်တစ်စုသည် နိုင်ငံခြားသားစိုးမိုးမှုအောက် မှ လွတ်မြောက်ရန် အင်အားစုခဲ့ကြသည်။[၁၀]

၁၁။ ဥပဒေပြုရေးကောင်စီတွင် အိန္ဒိယလူမျိုးများ ပိုမိုပါဝင်ကိုယ်စားပြုရေး မျိုးချစ်ပုဂ္ဂိုလ်များ ၏ တောင်းဆိုချက်ကို တုံ့ပြန်ရန် အချို့သော အုပ်ချုပ်ရေးပြောင်းလဲမှုတော်တော်များများ ပြုလုပ် ၍ **၁၈၉၂ ခုနှစ် အိန္ဒိယကောင်စီများ အက်ဥပဒေ**ကို ပြဋ္ဌာန်းခဲ့သည်။ ထို့သို့ ပြဋ္ဌာန်းခဲ့ရာတွင် ဗြိတိသျှပါလီမန်က အိန္ဒိယရှိ ဥပဒေပြုရေးကောင်စီတွင် ပါဝင်သော အိန္ဒိယလူမျိုး ကိုယ်စားလှယ် ဦးရေကို တိုးမြှင့်ပေးရန် ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေတွင် သွယ်ဝိုက် (တစ်ဆင့်ခံ) ကိုယ်စား ပြုမှု (Indirect Representative)ကို စတင်အသုံးပြုခဲ့ပြီး ဥပဒေပြုကောင်စီများ၏ ကိုယ်စားလှယ် ဦးရေကို တိုးမြှင့်ပေးခဲ့သည်။ ဥပဒေပြုကောင်စီများကို ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ ဘုရင်ခံ၏ ခွင့်ပြုချက်ဖြင့် ဥပဒေဟောင်းများ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းစသည့် အာဏာကို အပ်နှင်းခဲ့ သည်။ ယင်းအက်ဥပဒေသည် ယနေ့ခေတ် အိန္ဒိယနိုင်ငံတွင် ကိုယ်စားပြုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

---

[၉] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 16.

[၁၀] Ibid, p – 17.

၏ ပထမဆုံးခြေလှမ်းဖြစ်ခဲ့သည်။ သို့သော်လည်း ယင်းဥပဒေပြုကောင်စီများတွင် အိန္ဒိယပုဂ္ဂိုလ်အများအပြား မပါဝင်ခဲ့ပေ။[၁၁]

၁၂။ **၁၉၁၉ ခုနှစ်၊ အိန္ဒိယအစိုးရအက်ဥပဒေ**ကို ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းအက်ဥပဒေသည် အိန္ဒိယရှိ တာဝန်ယူ/ခံမှုရှိသော အစိုးရသို့ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာမှုကို ပေါ်ပေါက်စေခဲ့သည်။ ယင်းအက်ဥပဒေတွင် ပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုပေးအပ်ထားခြင်း၊ နိုင်ငံတော်အတွင်းရေးမှူးနှင့် သူ၏ ကောင်စီလုပ်ပိုင်ခွင့်အာဏာများ ပြောင်းလဲသတ်မှတ်ပေးခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအဖွဲ့များ သတ်မှတ်ပေးခြင်းတို့ ပါဝင်သည်။ ယင်းအက်ဥပဒေတွင် ပြည်နယ်များ၌ "ဒိုင်အာခီ (diarchy)" စနစ်ကို စတင်အကောင်အထည်ခဲ့ပြီး ယင်းစနစ်က ဥပဒေပြုရန် ပေးအပ်ထားသော "transferred lists" တွင် ပါရှိသည့် ကိစ္စရပ်များကို ပြဋ္ဌာန်းနိုင်သော အခွင့်အာဏာများ၊ ပြည်နယ်ကောင်စီက စိစစ်ခြင်းနှင့် ပြည်နယ်ကောင်စီက ယင်းကိစ္စရပ်များကို တာဝန်ခံ၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းပြုပြင်ပြောင်းလဲမှုများသည် အဓိကအားဖြင့် ပြည်နယ်အဆင့်၌ ဥပဒေပြုရေးအာဏာကို အိန္ဒိယလူမျိုးများ အမှန်တကယ်ကျင့်သုံးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ယင်းပြောင်းလဲမှုများ ပေးအပ်ထားသော်လည်း ဆန္ဒမဲပေးပိုင်ခွင့်ကို ကန့်သတ်ထားခြင်း၊ ပြည်နယ်ဥပဒေပြုအဖွဲ့များသို့ ဘဏ္ဍာငွေအနည်းငယ်သာ ပေးအပ်ခြင်းနှင့် ကိုလိုနီအာဏာပိုင်များက လွယ်လွယ်ကူကူထိန်းချုပ်နိုင်သော ကျေးလက်နှင့် အထူးအကျိုးခံစားခွင့်ရှိသည့် နေရာများကို ထည့်သွင်းထားခြင်းတို့ဖြစ်သည်။ ပထမကမ္ဘာစစ် ပြီးဆုံးပြီးနောက် အိန္ဒိယလူမျိုးများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုခဲ့ကြပြီး မဟတ္တမဂန္ဒီကလည်း အကြမ်းမဖက်လှုပ်ရှားမှုကို စတင်ခဲ့သည်။ ၁၉၃၀ နှစ်များအတွင်း ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဗြိတိသျှက ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ပြီး ရွေးကောက်ပွဲရလဒ်အရ အိန္ဒိယအမျိုးသားကွန်ဂရက်က အနိုင်ရရှိခဲ့သည်။ ပထမကမ္ဘာစစ်ကြီးအပြီးတွင် အမျိုးသားရေးစိတ်ဓာတ်များ လျင်မြန်စွာ နိုးကြွားတက်ကြွပြီး အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီနှင့် မွတ်စလင်အသင်းချုပ်တို့က ဖွဲ့စည်းအုပ်ချုပ်ပုံပြောင်းလဲမှုများကို လက်ခံလိုက်ကြသည်။ ၁၉ ရာစုနှစ် အလယ်ပိုင်းတွင် ဗြိတိသျှတို့သည် ကြွယ်ဝသော မြစ်ဝှမ်းဒေသကြီးများနှင့် ကမ်းရိုးတန်းလွင်ပြင်ဒေသများကို အပိုင်စီးမိထားလေပြီးဖြစ်သည့်အပြင် ကျန်အစိတ်အပိုင်းတို့သည် မဟာရာဇာစော်ဘွားများနှင့် ပဒေသရာဇ်မင်းညီမင်းသားများ၏ လက်အောက်ခံများဖြစ်နေကြသော်လည်း စင်စစ်ဗြိတိသျှတို့၏ သွယ်ဝိုက်သော သြဇာခံများဖြစ်ကြလေသည်။[၁၂]

၁၃။ ဗြိတိသျှပါလီမန်က အိန္ဒိယနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် **၁၉၃၅ ခုနှစ်၊ အိန္ဒိယအစိုးရအက်ဥပဒေကို** ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေသည်

[၁၁] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 17.

[၁၂] Ibid, p – 19.

Simon Commission အစီရင်ခံစာ၊ Round Table Conference စားပွဲဝိုင်းဆွေးနွေးပွဲ၏ သဘောတူညီချက်များ၊ White Paper စက္ကူဖြူစာတမ်းနှင့် Joint Select Committee ပူးတွဲ ရွေးချယ်ရေးကော်မတီ အစီရင်ခံစာတို့ကို အခြေခံ၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှပါလီမန် အဖွဲ့ဝင် ၇ ဦး ပါဝင်သော Simon Commission ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃ဝ မေလတွင် Simon Commission က အစီရင်ခံစာထုတ်ပြန်ပြီး ယင်းအစီရင်ခံစာတွင် ဒိုင်အာခီအုပ်ချုပ်ရေးကို ဖျက်သိမ်းခြင်းနှင့် ပြည်နယ်များတွင် ကိုယ်စားပြုခွင့်ရရှိသော အစိုးရဖွဲ့စည်းခြင်းတို့ကို အကြံပြုတင်ပြခဲ့သည်။[၁၃]

## ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေ ပေါ်ပေါက်လာခြင်း

၁၄။ ယင်းအစီရင်ခံစာအရ **၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေတွင်** ပြည်နယ်များ၌ ကိုယ်စားပြုခွင့်ရရှိသော အစိုးရရရှိခဲ့ပြီး ဗဟိုအဆင့်တွင်မူ မရရှိခဲ့ပေ။ ထို့အပြင်အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထူးခြားသော Simon Commission ၏ အစီရင်ခံစာနှင့်အညီ လန်ဒန်မြို့တွင် စားပွဲဝိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့ကြသည်။ ပထမအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲကို ၁၂-၁၁-၁၉၃ဝ ရက်နေ့မှ ၁၉-၁-၁၉၃၁ အထိကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲသို့ ဂန္ဒီ၏ အကြမ်းမဖက်လှုပ်ရှားမှုကြောင့် အိန္ဒိယကွန်ဂရက်မှ ခေါင်းဆောင်အများအပြား တက်ရောက်ခဲ့ခြင်းမရှိပေ။ ထို့နောက် ဒုတိယအကြိမ်စားပွဲဝိုင်းဆွေးနွေးပွဲကို ၇-၉-၁၉၃၁ မှ ၁-၁၂-၁၉၃၁ အထိ ဆက်လက်ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ဂန္ဒီနှင့် အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီတို့မှ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ တတိယအကြိမ်စားပွဲဝိုင်းကို ၁၇-၁၁-၁၉၃၂ မှ ၂၄-၁၂-၁၉၃၂ အထိ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲမှ ရရှိလာသော သဘောတူညီချက်ရလဒ်အဖြစ် **၁၉၃၃ ခုနှစ်တွင် စက္ကူဖြူစာတမ်း**ကို ထုတ်ပြန်ခဲ့သည်။ ယင်းစာတမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အဆိုပြုခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ပြည်နယ်များ၌ တာဝန်ခံမှုရှိသော အစိုးရတစ်ရပ်နှင့်အတူ ဗဟိုအစိုးရတွင် ဒိုင်အာခီအုပ်ချုပ်ရေး ဖော်ဆောင်ရန် အဆိုပြုခဲ့သည်။ စက္ကူဖြူစာတမ်း ထုတ်ပြန်ခြင်း၏ ရလဒ်အနေဖြင့် ပါလီမန်၏ ဥပဒေပြုအဖွဲ့နှစ်ရပ်အတွက် ပူးတွဲရွေးချယ်ရေးကော်မတီကို ၁၉၃၃ ခုနှစ်၊ ဧပြီလတွင် ခန့်အပ်ခဲ့သည်။ ထို့အပြင် သဘောတူညီချက်များကို ဆန်းစစ်လေ့လာပြီးနောက် ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေကို ယင်းတို့အပေါ်အခြေခံ၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အပိုဒ်ပေါင်း ၄၇၃ ခု ပါဝင်ပြီး ဇယား ၁၆ ခု ပါဝင်သော ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီးနောက်ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယင်းအက်ဥပဒေသည် အချက်အချာကျသည့် ပြောင်းလဲမှုအချို့ကို ပြုလုပ်ခဲ့ပြီး ဖက်ဒရယ်သဘောပါသော ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခြေခံအချက်အများအပြားကို စတင်မိတ်ဆက်ခဲ့သည်။ ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေသည် တိုက်ရိုက်

---

[၁၃] Law.uok.edu.in/ files 15ce6c765-c013-446c-b6ac-b9de496f875/ Custom/ UNIT% 2001.pdf.

ရွေးကောက်တင်မြှောက်ခြင်း၊ ဥပဒေပြုစာရင်း (၃) ခုကို ထည့်သွင်းဖော်ပြထားပြီး ကြွင်းကျန် အာဏာကို ဘုရင်ခံထံအပ်နှင်းထားခြင်း၊ ပြည်နယ်များတွင် ဒိုင်အာခီအုပ်ချုပ်ရေးကို ဖျက်သိမ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို စတင်အသုံးပြုခြင်း၊ ပြည်နယ် ၁၁ ပြည်နယ်အနက် ၆ ပြည်နယ်တွင် လွှတ်တော်နှစ်ရပ်စနစ်ကို စတင်ကျင့်သုံးခြင်း၊ ဗဟိုအဆင့်တွင် ဒိုင်အာခီအုပ်ချုပ်မှုပုံစံကို ချမှတ် အကောင်အထည်ဖော်ခြင်း၊ အိန္ဒိယလူမျိုးသန်းပေါင်းများစွာ၏ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် ဆန္ဒမဲ ပေးပိုင်ခွင့် အခွင့်အရေးချဲ့ထွင်စေခြင်းတွင် ဇာတ်နိမ့်များ၊ အမျိုးသမီးများနှင့် အလုပ်သမားများက ဆန္ဒမဲပေးခွင့်ရရှိခြင်း စသည်တို့ကို ဆောင်ရွက်စေခဲ့သည်။

၁၅။ ထို့အပြင် ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေသည် အိန္ဒိယနိုင်ငံတွင် တရားသူကြီးချုပ် (၁) ဦးနှင့် (၈) ဦးထက်မပိုသော တရားသူကြီးများပါဝင်သော ဖက်ဒရယ်တရားရုံးကို တည်ထောင် ခြင်းဖြစ်ပြီး ယင်းတရားရုံးသည် ဗဟိုနှင့် ပြည်နယ် (ယူနစ်) များအကြား အငြင်းပွားမှုများကို စစ် ဆေးပိုင်ခွင့်ရှိသောမူလတရားစီရင်ရေးအာဏာ၊ အက်ဥပဒေကိုအနက်ဖွင့်ဆိုခွင့်၊ ဖက်ဒရယ် ကိစ္စနှင့်သက်ဆိုင်သည့် အငြင်းပွားမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်တို့ရှိသည်။ တရားရုံးချုပ်များမှ အယူခံမှုများကို ဖက်ဒရယ်တရားရုံးသို့လည်းကောင်း၊ ဖက်ဒရယ်တရားရုံးမှ အယူခံအမှုများကို ပရီဗွီကောင်စီသို့လည်းကောင်း အယူခံတက်ရောက်ခွင့်ရှိသည်။ ထို့ကြောင့်ဖက်ဒရယ်တရားရုံးသည် အရေးပါသော တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့သည်။ ယင်းအက်ဥပဒေသည် အိန္ဒိယလူမျိုးများအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အစိုးရဖြစ်ပေါ်လာသော ဥပဒေတစ်ခု ဖြစ်ခဲ့သည်။[၁၄] ထို့အပြင် **နှစ်ထပ်အုပ်ချုပ်မှုစနစ် (ဒိုင်အာခီ)** ကို စတင်ဖော်ထုတ်ခဲ့သော ၁၉၁၉ အိန္ဒိယအစိုးရအက်ဥပဒေကို ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေက ရုပ်သိမ်းခဲ့ပါသည်။ ၁၉၁၉ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေတွင်ပါရှိသည့် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်သည် လက်တွေ့တွင် ကြီးကြီးမားမားအကျိုးသက်ရောက်မှုမရှိခဲ့သော်လည်း နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေး အခြေခံဥပဒေစာတမ်းတွင် ထည့်သွင်းဖော်ပြရန်အတွက် ထည့်သွင်းဆွေးနွေးတိုင်ပင်ကြသည်။[၁၅] ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေတွင်ပါရှိသော ဖက်ဒရယ်လက္ခဏာဆိုင်ရာ ပြဋ္ဌာန်းချက်များ ကို အကောင်အထည်ဖော်ခွင့်မရရှိဘဲ ၁၉၃၇ ခုနှစ်တွင် ၎င်းနှင့်သက်ဆိုင်သည့် ပြည်နယ် (၆) ခု တွင်သာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ သို့သော် ယင်းအက်ဥပဒေသည် လွတ်လပ်ရေးရရှိရန် အတွက် ဗြိတိသျှနှင့် အိန္ဒိယတို့အကြား သဘောတူညီချက်ရရှိခဲ့သော အခြေခံအုတ်မြစ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် အိန္ဒိယတို့ပါဝင်ခဲ့ပြီး အိန္ဒိယနိုင်ငံသည် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ကွန်ဂရက်၏ တွန်းအားပေးမှုနှင့် မူဆလင်အမျိုးသားရေးဝါဒကျယ်ပြန့်လာမှု စသော အကြီးမား ဆုံးပြဿနာနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယအမျိုးသားတို့သည် မဟာ

[၁၄] Law.uok.edu.in/ files 15ce6c765-c013-446c-b6ac-b9de496f875/ Custom/ UNIT% 2001.pdf.

[၁၅] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 20.

မိတ်တပ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုမှုများ ပို၍ပြင်းပြလာလေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့်အခါ စစ်ကြီးအတွင်း အိန္ဒိယစစ်သားများ ပါဝင်ခဲ့ပြီး မဟာမိတ်ပြု၍ သစ္စာခံခြင်းမှ တစ်ဆင့်တိုးပြီး နိုင်ငံလွတ်လပ်ရေးပေးရန် တောင်းဆိုမှုများ အဓိကထားဦးတည်ခဲ့သည်။ ယင်းကဲ့သို့ လုပ်ဆောင်အားထုတ်မှုသည် အင်္ဂလန်နိုင်ငံတွင် ကွန်ဆာဗေးတစ်နိုင်ငံရေးသမားများမှ ပေါ်ထွက်လာမှုကြောင့် ရလဒ်ကောင်းကောင်း မရရှိခဲ့ပေ။

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးအတွက် လှုပ်ရှားတောင်းဆိုမှုများ ပြင်းထန်လာသဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် ဗြိတိသျှအစိုးရသည် အိန္ဒိယကို လက်လွှတ်ရလေတော့သည်။ **၁၉၄၇ ခုနှစ်၊ အိန္ဒိယလွတ်လပ်ရေးအက်ဥပဒေသည်** အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကို လွတ်လပ်သော နိုင်ငံအသစ်အဖြစ် ဖန်တီးပေးခဲ့သည် အက်ဥပဒေဖြစ်သည်။ ယင်းအက်ဥဒေသည် အိန္ဒိယနိုင်ငံကို နှစ်ပေါင်း ၁၈၂ နှစ်ကြာအောင် ကိုလိုနီပြုခံခဲ့ရသည့် ဗြိတိသျှအုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်သွားသည့် အက်ဥပဒေဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အမိန့်အသစ်များ ပေါ်ထွက်လာသည့်အချိန်အထိ ဥပဒေပြုရေးနှင့် စီမံခန့်ခွဲရေးတို့ကို ပြဋ္ဌာန်းသတ်မှတ်ပေးသည့် ဥပဒေလည်းဖြစ်သည်။[၁၆]

## အခြေခံဥပဒေရေးဆွဲခြင်းနှင့် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိခြင်း

၁၇။ ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ဝန်ကြီးချုပ် အက်တလီ၏ လေဘာအစိုးရအဖွဲ့၏ ရွေးကောက်ပွဲအနိုင်ရပြီး ဗြိတိသျှတို့က အိန္ဒိယကို လွတ်လပ်ရေးပေးရန် ဆန္ဒရှိခဲ့ကြသည်။ ၁၉၄၀ နှစ်လယ်ပိုင်းတွင် အိန္ဒိယအမျိုးသားကွန်ဂရက်နှင့် မူဆလင်အမျိုးသားအဖွဲ့ချုပ်တို့အကြား တင်းမာမှုများဖြစ်ခဲ့သည်။ ယင်းတင်းမာမှုများ ရှိခဲ့ကြသော်လည်း ကွန်ဂရက်နှင့် မူဆလင်အမျိုးသားအဖွဲ့ချုပ်တို့အကြား ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ရန် ညှိနှိုင်းမှုများစွာ ပြုလုပ်ခဲ့ကြသည်။[၁၇] ၁၉၄၆ ခုနှစ်၊ မေလတွင် ဗြိတိသျှမှ အိန္ဒိယတို့ အခွင့်အာဏာများ လွှဲပြောင်းပေးရန် အက်တလီအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ကက်ဘိနက်အဖွဲ့က အစီရင်ခံစာကို တင်ပြခဲ့သည်။ ကွန်ဂရက်နှင့် မူဆလင်အမျိုးသားအဖွဲ့တို့အကြား သံသယများစွာရှိခဲ့ကြသော်လည်း ယင်းအစီအစဉ်ကိုလက်ခံပြီး အိန္ဒိယတိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများကို ၁၉၄၆ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့သည်။ ကွန်ဂရက်က ပြည်လုံးကျွတ်ရွေးကောက်ပွဲအပေါ် အခြေခံပြီး ရွေးချယ်ထားသော တိုင်းပြည်ပြုလွှတ်တော်တစ်ရပ်ကို တောင်းဆိုခဲ့သည်။ သို့သော် ဗြိတိသျှတို့က ကက်ဘိနက်အဖွဲ့အစီအစဉ်၏ အဆိုပြုချက်ဖြစ်သော **ပြည်လုံးကျွတ်ဆန္ဒခံယူ၍ အထွေထွေရွေးကောက်ပွဲကျင်းပခြင်းသည် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သော တိုင်းပြည်ပြုလွှတ်တော် ကျင်းပရခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်မည်** ဖြစ်သောကြောင့် လက်ရှိပြည်နယ်ဥပဒေပြုအဖွဲ့များမှ

[၁၆] The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017, p – 21.

[၁၇] Ibid, p – 22.

တစ်ဆင့် သွယ်ဝိုက်ရွေးကောက်ခြင်းမှတစ်ဆင့် ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ လက်ခံသဘောတူခဲ့သည်။ တိုင်းပြည်ပြုလွှတ်တော်တွင် မင်းညီမင်းသားများ အုပ်ချုပ်စိုးသည့်နယ်မြေ ၆၀၀ ခန့်မှ ကိုယ်စားလှယ်များပါဝင်ပြီး ကိုယ်စားလှယ်နေရာ ၃၈၉ နေရာတွင် ယင်းနယ်မြေမှ ကိုယ်စားလှယ် ၉၃ ဦး ကွန်ဂရက်မှ ကိုယ်စားလှယ် ၂၀၈ ဦး၊ မူဆလင်အမျိုးသားအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၇၃ ဦး နှင့် ပြည်နယ် (၄) မှ ကော်မရှင်နာချုပ် ၄ ဦး ပါဝင်ခဲ့ကြသည်။ ကိုယ်စားလှယ် ၃၈၉ ဦးအနက် အမျိုးသမီး (၁၅) ဦး ပါဝင်ခဲ့သည်။ ဗြိတိသျှက ပြည်နယ်များကို မူလဆင်လူမျိုးများ၊ ဆစ် (ဒ်) လူမျိုးများနှင့် အခြားကျန်ရှိသော လူမျိုးများဟူ၍ အဓိကလူမျိုးအုပ်စု (၃) ခွဲခြားခဲ့သည်။[၁၈] ယင်းလူမျိုးစုတစ်စုစီမှ ကိုယ်စားလှယ်များကို သက်ဆိုင်ရာလူမျိုးစု၏ အဖွဲ့ဝင်များထဲမှ ကွန်ဂရက်အတွက် ရွေးချယ်ခဲ့ကြသည်။ **၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ ကြားဖြတ်အစိုးရကို ဖွဲ့စည်းခဲ့သည်။**

၁၈။ **ပထမအကြိမ်** တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးကို **၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၉** ရက်နေ့တွင် ကျင်းပခဲ့ပြီး ကိုယ်စားလှယ် ၂၁၁ ဦး တက်ရောက်ခဲ့သည်။ တိုင်းပြည်ပြုလွှတ်တော်၏ ပထမဦးဆုံး သဘာပတိအဖြစ် Dr. Sachidanand Sinha က ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် Jawaharlal Nehru က ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်များ ရည်ရွယ်ချက်များနှင့် ပုံစံများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော Objectives Resolution ကို အဆိုပြုခဲ့သည်။ ယင်းအဆိုပြုချက်သည် နောက်ပိုင်းတွင် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း၏ အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် Jawaharlal Nehru ၏ Objectives Resolution ကို တစ်ညီတစ်ညွတ်တည်း သဘောတူ ထုတ်ပြန်ခဲ့ကြသည်။

၁၉။ **၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၈** ရက်နေ့တွင် **၁၉၄၇ ခုနှစ် အိန္ဒိယလွတ်လပ်ရေးအက်ဥပဒေကို** ပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ပြဋ္ဌာန်းလိုက်ခြင်းကြောင့် တိုင်းပြည်ပြုလွှတ်တော်သည် အချုပ်အခြာအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ဖြစ်လာပြီး ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ပြောင်းလဲပြင်ဆင်ရန် အခွင့်အာဏာရှိခဲ့သည်။ ထို့အပြင် တိုင်းပြည်ပြုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းအပြင် ဥပဒေပြုအာဏာကို ကျင့်သုံးသည့် ပါလီမန်အဖြစ်လည်း ဆောင်ရွက်ရသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗြိတိသျှအစိုးရက အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ ခွဲခြားပေးလိုက်သည်။ ထို့သို့ အိန္ဒိယနှင့် ပါကစ္စတန်နယ်မြေ ခွဲခြားသတ်မှတ်လိုက်ခြင်းကြောင့် ပါကစ္စတန်သို့ နယ်မြေအချို့ကို လွှဲပြောင်းပေးအပ်လိုက်ရပြီး တိုင်းပြည်ပြုလွှတ်တော်တွင် ကိုယ်စားလှယ်ဦးရေသည် ၂၉၉ ဦးအထိ လျော့နည်းခဲ့ရသည်။ တိုင်းပြည်ပြုလွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံး၍ လူဦးရေ ၁၀ သိန်းလျှင် ကိုယ်စားလှယ်နေရာ ၁ နေရာ သတ်မှတ်ခဲ့ကြသည်။

[၁၈] Law.uok.edu.in/ files 15ce6c765-c013-446c-b6ac-b9de496f875/ Custom/ UNIT% 2001.pdf.

၂၀။ ဆက်လက်၍ တိုင်းပြည်ပြုလွှတ်တော်သည် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်းများ ရေးဆွဲရမည့် အဓိကလုပ်ငန်းများကို လုပ်ငန်းကော်မတီများစွာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။[၁၉] တိုင်းပြည်ပြုလွှတ်တော်သည် **ကော်မတီကြီး ၈ ခုနှင့် ကော်မတီငယ် ၁၅** ခုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ မှ ၁၉၄၉ ခုနှစ် နိုဝင်ဘာလအထိ ဆောင်ရွက်ခဲ့ကြသည်။

၂၁။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က အခြေခံဥပဒေမူကြမ်းရေးဆွဲရန်အတွက် ဥက္ကဋ္ဌ Dr. B.R. Ambedkar ဦးဆောင်ပြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၇ ဦးပါဝင်သော မူကြမ်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ မူကြမ်းရေးဆွဲစဉ် ကာလတစ်လျှောက်လုံး ဆွေးနွေးတိုင်ပင်ရာတွင် ဖယား စုစုပေါင်း ၇၆၃၅ အနက်မှ ပြင်ဆင်ချက်ပေါင်း ၂၄၇၃ကို ဆွေးနွေးတိုင်ပင်ခြင်း၊ အဆိုပြုခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထုတ်ပြန်ခဲ့သည်။ အိန္ဒိယပြည်သူများက အခြေခံဥပဒေမူကြမ်းကို ဆွေးနွေးတင်ပြရန်အတွက် အချိန် (၈) ကြာမြင့်ပြီး ပြင်ဆင်ချက်များကို အဆိုပြုခဲ့ကြသည်။ **၁၉၄၉ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက်နေ့**တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး တိုင်းပြည်ပြုလွှတ်တော် အဖွဲ့ဝင်များထဲမှ အဖွဲ့ဝင် ၂၈၄ ဦး လက်မှတ်ရေးထိုးအတည်ပြုခဲ့ကြသည်။ **၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့**တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်ခဲ့သည်။ ထိုနေ့ကို Constitution Day နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုနေ့မှစ၍ တိုင်းပြည်ပြုလွှတ်တော်အဖြစ် သက်တမ်းကုန်ဆုံး သွားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်း ပြုလုပ်ပြီး ၁၉၅၂ ခုနှစ် ပါလီမန်အသစ် ဖွဲ့စည်းတည်ထောင်ချိန်အထိ ယာယီပါလီမန်အဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၆၀၊ ၃၂၄၊ ၃၆၆၊ ၃၆၇၊ ၃၇၂၊ ၃၈၀၊ ၃၈၈၊ ၃၉၁၊ ၃၉၂ နှင့် ၃၉၃ တို့သည် ချက်ချင်းအာဏာသက်ရောက်ပြီး ကျန်ရှိသောအပိုဒ်များက အခြေခံ ဥပဒေအာဏာတည်သည့်နေ့ရက်တွင် အာဏာတည်သည်။ ထိုကာလသည် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံး အာဏာတည်သည့်နေ့အထိ အကူးအပြောင်းကာလ ဖြစ်ခဲ့ပါသည်။

၂၂။ မဟာမက်အလီဂျင်းနား ခေါင်းဆောင်သော မွတ်စလင်အမျိုးသားများအဖွဲ့၏ ဆူပူတောင်းဆိုမှုကြောင့် ဗြိတိသျှအစိုးရက အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ လွတ်လပ်သော နိုင်ငံနှစ်နိုင်ငံ ခွဲခြားဖွဲ့စည်းပေးလိုက်သော်လည်း နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၌ ဟိန္ဒူ-မွတ်စလင် အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားနေခဲ့သေးသည်။[၂၀] ဗြိတိသျှအစိုးရအုပ်ချုပ်ရေး ရုပ်သိမ်းသွားပြီးနောက်တွင် အိန္ဒိယသည် ဒိုမီနီယံအုပ်ချုပ်ရေးစနစ်ကို အခိုက်အတန့်အားဖြင့် လက်ခံထား၍ အုပ်ချုပ်ရေးစနစ်

[၁၉] Law.uok.edu.in/ files 15ce6c765-c013-446c-b6ac-b9de496f875/ Custom/ UNIT% 2001.pdf.

[၂၀] နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယအကြိမ်၊ စာ -၂၀၃

ရေးဆွဲပြီးစီးသောအခါ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်နေ့၌ အိန္ဒိယသည် ဗြိတိသျှဓနသဟာယအဖွဲ့ဝင် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် ကြေညာခဲ့လေသည်။ ဒေါက်တာ ရာဂျင်ဒြာပရာဆတ်သည် အိန္ဒိယသမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်ပြီးလျှင် ရှရီနေရူးသည် လွတ်လပ်သည့် အိန္ဒိယနိုင်ငံဖြစ်လာသည့် အချိန်မှစ၍ ၁၉၆၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ကွယ်လွန်သည်အထိ အိန္ဒိယအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၂၃။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် တိုင်းပြည်ပြုလွှတ်တော်က မူကြမ်းရေးဆွဲထားသည့် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီ လ၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုဒ်ပေါင်း ၃၉၅ ခု၊ ဇယားပေါင်း ၈ ခု အပိုင်း ၂၂ ပိုင်း ပါဝင်ပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေသည် အပိုဒ်ပေါင်း ၄၄၈ ခု၊ အပိုင်း ၂၅ ပိုင်း၊ ဇယား ၁၂ ခု ပါဝင်ပါသည်။ အခြေခံဥပဒေတွင် အိန္ဒိယနိုင်ငံ၌ လူမှုရေးဆိုင်ရာ တရားမျှတမှု မရှိသော ဓလေ့ထုံးစံနှင့်စပ်လျဉ်း၍ တိုင်းပြည်ပြုလွှတ်တော်သည် သမိုင်းကြောင်းအားဖြင့် အခွင့်အရေး မရရှိသည့်လူများအား ဦးစားပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ၂၀၀၆ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တွင် နိုင်ငံသားများ၏ လူမှုရေး သို့မဟုတ် ပညာရေးတစ်ရပ်ရပ်အားဖြင့် ခေတ်နောက်ပြန်ဆွဲသည့် အတန်းအစားများ သို့မဟုတ် အမျိုးဇာတ်များ (လူတန်းစားခွဲခြားသောစနစ်) သို့မဟုတ် မျိုးနွယ်စုဝင်များကို ပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ရန် ပုဂ္ဂလိကပညာရေးဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများကို ဝင်ရောက်ခွင့်ပြုနိုင်ရန်အတွက် အထူးပြဋ္ဌာန်းချက်များကို တတ်နိုင်သမျှ ထည့်သွင်းပြင်ဆင်ခဲ့သည်။

## နိုင်ငံဖွဲ့စည်းမှု

၂၄။ အိန္ဒိယနိုင်ငံ နိုင်ငံတော်၏ အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအာဏာအား ကျင့်သုံးသည့် တရားစီရင်ရေးအာဏာတို့ကို ယတိပြတ် ခွဲခြားထားခြင်းမရှိပေ။ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) တို့ ပါဝင်သော သမ္မတအုပ်ချုပ်သောစနစ်ပုံစံ ပါလီမန်စနစ်ကို ကျင့်သုံးသော ပြည်ထောင်စုသမ္မတနိုင်ငံဖြစ်ပြီး ဥပဒေပြုလွှတ်တော်နှစ်ရပ်နှင့် တရားစီရင်ရေးအဖွဲ့တစ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ထူးခြားသည့်အချက်များ

၂၅။ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေများအနက် တစ်ခုဖြစ်သည်။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗြိတိသျှပုံစံအုပ်ချုပ်မှု၏ လွှမ်းမိုးမှုများအပြင် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသူများသည် သင့်လျော်

သည့် အကြံပြုချက်များရယူနိုင်ရန်အတွက် အထူးအဖွဲ့များကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် အိုင်ယာလန်နိုင်ငံများသို့ စေလွှတ်ခဲ့သည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ပါလီမန်စနစ်၊ နိုင်ငံတော်အကြီးအကဲ၊ အောက်လွှတ်တော်၏ အာဏာကြီးမားပုံ၊ ပါလီမန်အား ဝန်ကြီးများအဖွဲ့က တာဝန်ယူမှုနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ဗြိတိသျှအုပ်ချုပ်မှုပုံစံမှ ရယူထားပြီး နိဒါန်း၊ အခြေခံအခွင့်အရေးများ၊ ဒုတိယသမ္မတ၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ တရားစီရင်ရေးကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုတို့သည် အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောတရားများပါဝင်သည်။ ထို့အပြင် တစ်ပြိုင်တည်း (concurrent) ဥပဒေပြုပိုင်ခွင့်အာဏာနှင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား တစ်ပြိုင်တည်း (concurrent) ဥပဒေပြုစာရင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပုံနည်းလမ်းကို သြစတြေးလျနိုင်ငံမှလည်းကောင်း၊ နိုင်ငံတော်၏ လမ်းညွှန်စံပြုထိုက်သော မူသဘောတရားများနှင့် အထက်လွှတ်တော်အမတ်များအား အဆိုပြုခန့်အပ်ခြင်း သဘောတရားများကို အိုင်းရစ် (အိုင်ယာလန်) နိုင်ငံမှလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများကို ဂျာမနီနိုင်ငံမှလည်းကောင်း၊ ခိုင်မာသော နိုင်ငံတော်တစ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အိန္ဒိယပြည်ထောင်စုနိုင်ငံ၏အမည်နှင့် ကြွင်းကျန်အာဏာအပ်နှင်းခြင်းကိစ္စရပ်များကို ကနေဒါနိုင်ငံမှလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် အထက်လွှတ်တော်အမတ်များကို ပြည်နယ်ဥပဒေပြုလွှတ်တော်များက အချိုးကျကိုယ်စားပြုမှုအပေါ်မူတည်၍ ရွေးချယ်ခြင်းတို့ကို တောင်အာဖရိကနိုင်ငံမှလည်းကောင်း ကိုးကားအသုံးပြုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်ကျင့်သုံးပုံ**

၂၇။ ဖက်ဒရယ်စနစ် Federalism ဟူသော ဝေါဟာရနှင့် confederalism ဟူသော ဝေါဟာရနှစ်ရပ်လုံးသည် လက်တင်စကားရပ် foedus ဟူသော ဝေါဟာရမှဆင်းသက်လာသည်။ အဓိပ္ပာယ်အားဖြင့် treaty, pact or covenant ဘာသာရပ်စာတမ်း သို့တည်းမဟုတ် ပဋိညာဉ်ဘာသာရပ်ဟု အဓိပ္ပာယ်ရပေသည်။ အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်သည် ဗြိတိသျှအစိုးရလက်ထက် ၁၉၃၀ ပြည့်နှစ်၌ Simon Commission ၏ အစီရင်ခံစာအပေါ် အခြေပြုခဲ့ပါသည်။ ယင်းအစီရင်ခံစာက အိန္ဒိယတွင် ဖက်ဒရယ်အစိုးရ သဘောတရားများကို အထောက်အကူပြုခဲ့သည်။ ၁၉၃၅ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေတွင် ဖက်ဒရယ်သဘောတရားများစွာပါဝင်ခဲ့ပြီး ပြည်နယ်များ၌ ဒိုင်အာခီမူကို ဖျက်သိမ်းခြင်းနှင့် ဗဟို၌ ဆက်လက်ထိန်းသိမ်းထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ယနေ့ချမှတ်ကျင့်သုံးမှုသည် ဗြိတိသျှတို့ ချမှတ်ခဲ့သည့်မူနှင့်မတူညီတော့ဘဲ၊ ဖက်ဒရယ်စနစ်၏ ကြီးမားသော အရိပ်အမြွက်များကို အိန္ဒိယနိုင်ငံ၏သမိုင်း၌ ၁၉၄၇ ခုနှစ်တွင် ချမှတ်နိုင်ခဲ့သည်။ ပါကစ္စတန်

ခွဲထွက်သွားပြီးနောက်ပိုင်းတွင် အိန္ဒိယနိုင်ငံသည် ပြည်နယ်များနှင့် မင်းညီမင်းသားများ အုပ်စိုးသည့် နယ်မြေများတို့စုစည်း၍ ပြည်ထောင်စုပုံစံအဖြစ် ဖြစ်ပေါ်လာခဲ့သည်။

**ဖက်ဒရယ်စနစ်၏ သဘောလက္ခဏာများ**

၂၈။ ဖက်ဒရယ်စနစ်၏ အဓိက သဘောလက္ခဏာများမှာ-

(က) အစိုးရနှစ်ရပ်ထားရှိခြင်း (ဥပမာ။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ)

(ခ) အာဏာခွဲဝေကျင့်သုံးခြင်း သို့မဟုတ် အာဏာကို ပိုင်းခြားကျင့်သုံးခြင်း

(ဂ) စာဖြင့်ရေးသားထားသော အခြေခံဥပဒေရှိခြင်း

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို အာမခံချက်ထားရှိခြင်း

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ ကြီးစိုးလွှမ်းမိုးမှုရှိခြင်း

(စ) တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း

(ဆ) ပြုပြင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေရှိခြင်း

(ဇ) ဥပဒေပြုကဏ္ဍတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်း

**အခြေခံဥပဒေနိဒါန်း**

၂၉။ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် နိုင်ငံတော်အား နိုင်ငံသားအားလုံးအတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှရှိခြင်းနှင့် သဟာယစိတ်ဓာတ်အတွက် အာမခံပေးထားသည့် "အချုပ်အခြာအာဏာပိုင် ဆိုရှယ်လစ်ဒီမိုကရေစီသမ္မတနိုင်ငံ" အဖြစ် အဓိပ္ပာယ်သတ်မှတ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁ တွင် "အိန္ဒိယဆိုသည်မှာ အိန္ဒိယပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီး ပြည်နယ်များပေါင်းစည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း" အခိုင်အမာ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များသည် ပြည်ထောင်စုမှ ခွဲထွက်ခွင့်မရှိဘဲ ပြည်နယ်များအားလုံး စုပေါင်းထားခြင်းပင်ဖြစ်သည်။ ပြည်နယ်များကလည်း ၎င်းတို့သက်ဆိုင်ရာနယ်မြေအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးကိုရရှိထားသဖြင့် ဖက်ဒရယ်စနစ်ကို ရယူထားသည့် တစ်ပြည်ထောင်နိုင်ငံ (Single State) တည်ထောင်ထားကြောင်း သုံးသပ်တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖော်ညွှန်းထားသည်မှာ a single citizenship အဖြစ်သာ ဖော်ပြထားပါသည်။ ယင်းအချက်သည် The United Kingdom နှင့် တူညီပြီး United State ကဲ့သို့ dual citizenship ကို ခွင့်မပြုပါ။ Single Citizenship သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်စုတည်း၊ တစ်မျိုးတည်းသော ရှုထောင့်ဖြစ်ပေးအပ်ခြင်းဖြစ်ပြီး၊ အားလုံးသော မတူကွဲပြား

သော လူမျိုးစုများကို နိုင်ငံသားများအဖြစ် တစ်စုတစ်စည်းတည်း၊ တစ်မျိုးတစ်စားတည်းအဖြစ် Indian ဟူသော Identity သွင်ပြင်လက္ခဏာရပ်ဝေါဟာရအောက်တွင် တည်ရှိကြောင်း တွေ့ရပါသည်။

**ဥပဒေပြုရေး**

၃၀။ အိန္ဒိယနိုင်ငံ၏ ဥပဒေပြုရေးကဏ္ဍသည် ဖက်ဒရယ်စနစ်၏ အဓိကအချက်များအနက် တစ်ရပ်ဖြစ်သော ဥပဒေပြုကဏ္ဍတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၉ အရ ဥပဒေပြုပါလီမန်တွင် ပါလီမန်လွှတ်တော်နှစ်ရပ် ပါဝင်ဖွဲ့စည်းထားသည်။ ပြည်ထောင်စုပါလီမန်တွင် နိုင်ငံတော်သမ္မတပါဝင်ပြီး အထက်လွှတ်တော် (Council of States) နှင့် အောက်လွှတ်တော် (House of the People) ဟူ၍ ဥပဒေပြုလွှတ်တော် ၂ ရပ် တို့ပါဝင်သည်။

၃၁။ ဥပဒေပြုပါလီမန်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသော ကျမ်းသစ္စာကျိန်ဆိုရမည်။ အထက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် အနည်းဆုံးအသက် ၃၀ နှစ်ရှိရမည့်အပြင် အောက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် အနည်းဆုံးအသက် ၂၅ နှစ်ရရှိမည်။ ထို့အပြင် ဥပဒေပြုပါလီမန်က သတ်မှတ်ထားသည့် အခြားအရည်အချင်းများလည်း ပိုင်ဆိုင်ရမည်ဖြစ်သည်။ ကိုယ်စားလှယ်များသည် ဥပဒေပြုပါလီမန်အတွင်း ၎င်းတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာ တရားစွဲဆိုမှုများမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ဥပဒေအရ သတ်မှတ်ထားသော အခြားအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။[၂၁]

၃၂။ **အထက်လွှတ်တော်။** အထက်လွှတ်တော် (The Rajya Sabha) တွင် ကိုယ်စားလှယ်ဦးရေ ၂၅၀ ထက်မပိုဘဲပါဝင်ပြီး အများစုကို ပြည်နယ်ဥပဒေပြုအဖွဲ့များက ရွေးချယ်ထားသည်။ သို့ရာတွင် ကိုယ်စားလှယ် ၁၂ ဦးကို နိုင်ငံတော်သမ္မတက ပြည်သူများအကြားမှ အထူးအသိပညာဗဟုသုတရှိသူ သို့မဟုတ် စာပေ၊ သိပ္ပံ၊ အနုပညာနှင့် လူမှုရေးဆောင်ရွက်မှုများတွင် လက်တွေ့အတွေ့အကြုံရှိသူဟု ယူဆသူများအား အမည်စာရင်းတင်သွင်းခြင်းဖြစ်သည်။[၂၂] အထက်လွှတ်တော်သည် ကိုယ်စားလှယ်များထဲမှ ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်သည်။ အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဒုတိယသမ္မတဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် ဒုတိယသမ္မတသည် အထက်လွှတ်တော်၏ ဥက္ကဋ္ဌပင်ဖြစ်သည်။ အထက်လွှတ်တော်ကို မဖျက်သိမ်းနိုင်ပေ။ အထက်လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းသည် (၆) နှစ် ဖြစ်သည်။ သို့ရာတွင် လွှတ်တော်၏ ကိုယ်စားလှယ် ၃ ပုံ ၁ ပုံကို ၂ နှစ် ၁ ကြိမ် အငြိမ်းစားယူစေရမည်။

---

[၂၁] Article 84 of the India Constitution, 1950.

[၂၂] Article 80 of the India Constitution, 1950.

၃၃။ **အောက်လွှတ်တော်**။ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) (Lok Sabha) တွင် ကိုယ်စားလှယ်အများဆုံး ၅၃၀ ပါဝင်ပြီး လူဦးရေအပေါ်အခြေခံပြီး ပြည်နယ်တစ်ပြည်နယ်စီ အတွက် မဲဆန္ဒနယ်တစ်နယ်စီမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားသည်။ ပြည်ထောင်စုနယ်မြေများမှ ၂၀ ဦးထက်မပိုသော ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ ရွေးချယ်ထားရှိသည်။[၂၃] အောက်လွှတ်တော်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်သော်လည်း ဝန်ကြီးချုပ်၏ အကြံပြုချက်အရ ရွေးကောက်ပွဲများကို အလျင်အမြန်ခေါ်ဆိုကျင်းပနိုင်သည်။ နိုင်ငံတော်၏ အရေးပေါ်အခြေအနေကာလတွင်သာ အောက်လွှတ်တော်သက်တမ်းကို တိုးမြှင့်နိုင်သည်။ အပိုဒ် ၈၃ အရ သက်တမ်းတိုးမြှင့်ရာတွင် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုဘဲ ဥပဒေပြုအောက်လွှတ်တော်၏ သက်တမ်းကို တိုးမြှင့်နိုင်သကဲ့သို့ အရေးပေါ်ကာလကုန်ဆုံးပြီးနောက် ခြောက်လထက်မပိုသောကာလအထိသာ တိုးမြှင့်နိုင်သည်။ နိုင်ငံတော်သမ္မတက ဥပဒေပြုအောက်လွှတ်တော်ကို ဖျက်သိမ်းနိုင်သည်။ ဥပဒေပြုအောက်လွှတ်တော်သည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်သည်။ သို့ရာတွင် အထက်လွှတ်တော် ဥက္ကဋ္ဌကဲ့သို့ပင် နှစ်ဘက်မဲအရေအတွက် ညီမျှနေသော ကိစ္စရပ်တွင်သာ ဆန္ဒမဲပေးနိုင်သည်။

၃၄။ ငွေကြေးဆိုင်ရာဥပဒေကြမ်း (Money Bill) နှင့် အခြားသော ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကြမ်း (Other Financial Bill) မှလွဲ၍ ကျန်ဥပဒေကြမ်းများကို လွှတ်တော်တစ်ရပ်ရပ်တွင် စတင်တင်သွင်းနိုင်သည်။ ငွေကြေးဆိုင်ရာဥပဒေမူကြမ်းများကိုမူ အောက်လွှတ်တော်တွင်သာ စတင်တင်သွင်းနိုင်သည်။[၂၄] ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၀ အရ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် အနည်းဆုံးဦးရေမှာ လွှတ်တော်တစ်ရပ်စီရှိ ကိုယ်စားလှယ်များ၏ ၁၀ ပုံ ၁ ပုံဖြစ်သော်လည်း လွှတ်တော်နှစ်ရပ်လုံး၏ ဆုံးဖြတ်ချက်များကို များရာဆန္ဒမဲဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ လွှတ်တော်တစ်ရပ်ရပ်၏ သဘောတူညီချက်မရရှိလျှင် ပါလီမန်လွှတ်တော်က ဥပဒေကြမ်းကို ထုတ်ပြန်ပိုင်ခွင့်မရှိပေ။ ဥပဒေကြမ်းတစ်ခုကို လွှတ်တော်တစ်ရပ်က ချမှတ်ပြီး အခြားလွှတ်တော်တစ်ရပ်က ကန့်ကွက်ပယ်ချသည့်ကိစ္စ၊ ဥပဒေကြမ်းတစ်ရပ်အား ပြင်ဆင်သည့်အပေါ် သဘောတူညီမှုမရှိသည့် ကိစ္စရပ် သို့မဟုတ် အခြားလွှတ်တော်တစ်ရပ်က ချမှတ်လိုက်သည့် ဆောင်ရွက်ချက်တစ်ခုတွင် လွှတ်တော်တစ်ရပ်က ဆောင်ရွက်ရန် (၆) လထက်မနည်း ပျက်ကွက်သည့် ကိစ္စတို့တွင် နိုင်ငံတော်သမ္မတသည် လွှတ်တော်နှစ်ရပ်အား ပူးတွဲအစည်းအဝေးခေါ်ယူပြီး ယင်းကိစ္စအား ဆွေးနွေး၍ ဆန္ဒမဲပေးစေနိုင်သည်။ အောက်လွှတ်တော်ကချမှတ်သည့် ငွေကြေးဆိုင်ရာဥပဒေကြမ်းအား လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း အထက်လွှတ်တော်က ၎င်း၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော ကိစ္စအတွက် အထူးလုပ်ထုံးလုပ်နည်းရှိသည်။ လွှတ်တော်နှစ်ရပ်

[၂၃] Article 81 of the India Constitution, 1950.

[၂၄] Article 109 of the India Constitution, 1950.

လုံးမှချမှတ်သည့် ဥပဒေကြမ်းတစ်ရပ်ကို နိုင်ငံတော်သမ္မတ၏ သဘောတူညီမှုရယူရန်အတွက် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းအား ခွင့်ပြုရန်ငြင်းဆိုနိုင်ပြီး ဥပဒေကြမ်းအား သဘောထားမှတ်ချက်နှင့်အတူ ပြန်လည်ပေးပို့နိုင်သည်။ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ လွှတ်တော်နှစ်ရပ်လုံးက ဥပဒေကြမ်းကို ထပ်မံချမှတ်လိုက်သည့်အခါ နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကို သဘောတူရမည်ဖြစ်သည်။[၂၅]

၃၅။ **ပြည်နယ်လွှတ်တော်များ။** အိန္ဒိယနိုင်ငံများ၏ ပြည်နယ်များတွင် ဥပဒေပြုရေးအတွက် ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းထားရှိသည်။ ပြည်နယ် (၆) ခုဖြစ်သော Andhra, Pradesh, Bihar, Maharashtra, Karnataka, Telangana နှင့် Uttar Pradesh တို့တွင် လွှတ်တော်နှစ်ရပ်ရှိပြီး ကျန်ပြည်နယ်အများစုတွင် လွှတ်တော်တစ်ရပ်သာရှိသည်။ လွှတ်တော်တစ်ရပ်တည်းရှိသော ပြည်နယ်များ၏လွှတ်တော်ကို ဥပဒေပြုညီလာခံ (Vidhan Parishad) ဟုခေါ်ပြီး လွှတ်တော်နှစ်ရပ်ရှိသော ပြည်နယ်များတွင် ကျန်လွှတ်တော်တစ်ရပ်ကို ဥပဒေပြုကောင်စီ (Vidhan Sabha) ဟုခေါ်ဆိုသည်။[၂၆]

၃၆။ ဥပဒေပြုညီလာခံ (Vidhan Parishad) တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၆၀ ဦးမှ အများဆုံး ၅၀၀ ဦးအထိရှိပြီး ကိုယ်စားလှယ်များကို ပြည်သူများက တိုက်ရိုက်ရွေးချယ်သည်။ သက်တမ်းမှာ (၅) နှစ် ဖြစ်သည်။[၂၇] ဥပဒေပြုကောင်စီ (Vidhan Sabha) တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၄၀ ဦးမှ အများဆုံးအဖြစ် ဥပဒေပြုညီလာခံကိုယ်စားလှယ် စုစုပေါင်း ၃ ပုံ ၁ ပုံ ရှိရမည်။ ကိုယ်စားလှယ်များရွေးချယ်ခြင်းကို ပြည်ထောင်စုပါလီမန်က ဥပဒေသတ်မှတ်ပြီး သွယ်ဝိုက် (တစ်ဆင့်ခံ) ၍ ရွေးချယ်ရမည်ဖြစ်သည်။[28]

## ဥပဒေပြုပိုင်ခွင့်အာဏာ

၃၇။ အိန္ဒိယနိုင်ငံရှိ ပြည်ထောင်စုပါလီမန်နှင့် ပြည်နယ်လွှတ်တော်များသည် သက်ဆိုင်ရာ ဒေသတစ်ဝန်းလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း အာဏာ သက်ရောက်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၇) တွင်ပါရှိသော ဥပဒေပြုစာရင်း (၁) နှင့် စာရင်း (၂) များနှင့်အညီ သီးသန့်ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အပြင် ပြည်ထောင်စုပါလီမန်နှင့် ပြည်နယ်လွှတ်တော်များက ဥပဒေပြုစာရင်းတစ်ခုတည်းကို တစ်ပြိုင်တည်း ဥပဒေပြုပိုင်ခွင့်

[၂၅] Article 109 of the India Constitution, 1950.

[၂၆] Article 168 of the India Constitution, 1950.

[၂၇] Article 170 of the India Constitution, 1950.

[၂၈] Article 171 of the India Constitution, 1950.

ရှိသည်။ ယင်းတစ်ပြိုင်တည်းဥပဒေပြုပိုင်ခွင့်ကို ဇယား ၇၊ စာရင်း ၃ တွင် ပြဋ္ဌာန်းထားသည်။[29] သို့သော် ပြည်ထောင်စုပါလီမန်က ဇယား ၇၊ ဥပဒေပြုစာရင်း (၂) နှင့် (၃) တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသော ကြွင်းကျန်နေသည့် ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ရှိသည်။[၃၀] ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ ဥပဒေပြုခြင်းဆိုင်ရာ ကြွင်းကျန်အာဏာကို ပြည်ထောင်စုပါလီမန်သို့ အပ်နှင်းထားသည်။ ကြွင်းကျန်အာဏာအပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်သုံးသပ်ရာတွင် အမေရိကန်နိုင်ငံ၌ ကွန်ဂရက်၏ ဥပဒေပြုစာရင်းကိုသာ ထည့်သွင်းပြဋ္ဌာန်းထားပြီး ကြွင်းကျန်အာဏာကို ပြည်နယ်များသို့ အပ်နှင်းထားသည်ကို တွေ့ရှိရသည်။

၃၈။ ထို့အတူ ပြည်ထောင်စုပါလီမန်သည် နိုင်ငံတော်အကျိုးစီးပွားအတွက် အမှန်တကယ်လိုအပ်သည်ဟု ထင်မြင်ယူဆသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်နေသော ကိစ္စရပ်များကို ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၏ ပြည်နယ် (၂) ခု သို့မဟုတ် (၂) ခု ထက်ပိုသော ပြည်နယ်များရှိ ဥပဒေပြုလွှတ်တော်များက ယင်းပြည်နယ်များအတွက် ပြည်ထောင်စုပါလီမန်က ဥပဒေပြဋ္ဌာန်းပေးရန် ဆန္ဒရှိပါက အဆိုပါပြည်နယ်များအတွက် ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အပြင် အထက်ဖော်ပြပါပြည်နယ်များအတွက် ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေတစ်ခုခုကို အခြားပြည်နယ်တစ်ခုခုက ယင်းပြည်နယ်ဥပဒေပြုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ ပြဋ္ဌာန်းနိုင်သည်။ သို့သော် ယင်းဥပဒေကို ပြည်ထောင်စုပါလီမန်၏ အက်ဥပဒေဖြင့်သာ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ ပြုနိုင်သည်။[၃၁]

၃၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၀ အရ ပြည်ထောင်စုပါလီမန်သည် အရေးပေါ်ကာလ ကြေညာထားချိန်အတွင်း ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များကို ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထို့အတူ ပြည်ထောင်စုပါလီမန်က နိုင်ငံတော်အတည်ပြုပါဝင်ချုပ်ဆိုမည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ၊ နိုင်ငံတကာစာချုပ် ကွန်ဗင်ရှင်းများ၊ အပြည်ပြည်ဆိုင်ရာညီလာခံ ဆုံးဖြတ်ချက်များ၊ ချုပ်ဆိုသော စာချုပ်စာတမ်းများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းအတွက်သော်လည်းကောင်း ဥပဒေပြုပိုင်ခွင့်အာဏာရှိသည်။[32] ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅၆ အရ ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း နိုင်ငံတော်သမ္မတကယူဆ၍ ပြည်ထောင်စုပါလီမန်က ထုတ်ပြန်ကြေညာသည့်အခါ ယင်းပြည်နယ်၏ ဥပဒေပြုစာရင်းပါ ကိစ္စရပ်များကို ပြည်ထောင်စုပါလီမန်က ဥပဒေပြုပိုင်ခွင့်အာဏာရှိသည်။

---

၂၉ Article 246 of the India Constitution, 1950.

၃၀ Article 248 of the India Constitution, 1950.

၃၁ Article 249 of the India Constitution, 1950.

၃၂ Article 253 of the India Constitution, 1950.

**အုပ်ချုပ်ရေး**

၄၀။ အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် အဆင့် (၃)ဆင့်ပါဝင်သော အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ယင်းတို့တွင် ဗဟိုအဆင့်၌ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်များ၌ ပြည်နယ်အစိုးရနှင့် ဒေသဆိုင်ရာ အဆင့်၌ ကျေးလက်ဒေသအစိုးရ (Panchayats) နှင့် မြို့ပြအဆင့်၌ ဒေသန္တရအစိုးရ (Municipalities) တို့ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့၊ ပြည်နယ်အဆင့်တွင် အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့၊ ဒေသဆိုင်ရာအဆင့်၌ ကျေးလက်ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့တို့ဖြစ်သည်။ ထိုသို့ အဆင့်အလိုက် အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးသကဲ့သို့ ကိုယ်စားလှယ်များကို ဒီမိုကရေစီနည်းကျ ရွေးချယ်ကြောင်း၊ ယင်းကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်လျက် သီးခြားဖော်ပြထားကြောင်း တွေ့ရှိရသည်။

၄၁။ **နိုင်ငံတော်သမ္မတ။** ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၃ (၁) တွင် နိုင်ငံတော်သမ္မတ၏ အခန်းကဏ္ဍကို ပြဋ္ဌာန်းထားသည်။ ပြည်ထောင်စု၏ အုပ်ချုပ်မှုအခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည်။ အဆိုပါအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတက တိုက်ရိုက်ဖြစ်စေ သို့မဟုတ် ၎င်း၏လက်အောက်အရာရှိများမှတစ်ဆင့်ဖြစ်စေ ကျင့်သုံးဆောင်ရွက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၇ တွင် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတ၏ အမည်ဖြင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။

၄၂။ နိုင်ငံတော်သမ္မတကို နိုင်ငံတော်ဥပဒေပြုရေးအဖွဲ့ (The National Legislature) နှင့် ပြည်နယ်များ၏ ဥပဒေပြုရေးညီလာခံ (The Legislative Assemblies of The States) တို့၏ ကိုယ်စားလှယ်များပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာအဖွဲ့က ၅ နှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်သည်။[၃၃]

၄၃။ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်နိုင်ရန်အတွက် အရည်အချင်းများမှာ အိန္ဒိယနိုင်ငံသားဖြစ်ရမည်၊ အနည်းဆုံးအသက် ၃၅ နှစ်ရှိရမည်၊ ဥပဒေပြုအောက်လွှတ်တော်တွင် ရွေးချယ်ခံနိုင်သည့် အရည်အချင်းနှင့်လည်း ပြည့်စုံရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမည့်ပုဂ္ဂိုလ်သည် အကျိုးအမြတ်အတွက် အစိုးရရုံးများတွင် ရာထူးရယူထားခြင်း၊ ဆောင်ရွက်လုပ်ကိုင်ခြင်းမပြုရပေ။[၃၄]

၄၄။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကာကွယ်ရေးတပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ အခြားသော တာဝန်ဝတ္တရားများတွင် ဝန်ကြီးချုပ်အား ခန့်အပ်ခြင်းနှင့် ဝန်ကြီးချုပ်၏

[၃၃] Article 54 of the India Constitution, 1950.

[၃၄] Article 58 of the India Constitution, 1950.

အကြံပြုချက်အရ အခြားဝန်ကြီးများအား ခန့်အပ်ခြင်းတို့ပါဝင်သည်။ ထို့အပြင် ရှေ့နေချုပ်အား ခန့်အပ်ခြင်း၊ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းများအတွက် စည်းမျဉ်းများချမှတ်ခြင်း၊ ဝန်ကြီးများ အကြား တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် ပြစ်ဒဏ်လျှော့ပေါ့စေရန် ခွင့်ပြုခြင်းတို့ပါဝင်သည်။

၄၅။ **ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့။** ဝန်ကြီးချုပ်သည် ဝန်ကြီးများအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် ဥပဒေပြုရေးဆိုင်ရာ အဆိုပြုချက်များကို သမ္မတထံသို့ ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်သမ္မတက မေးမြန်းနိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ယခင်က စဉ်းစားဆုံးဖြတ်ထားခြင်းမရှိသေးသော ဝန်ကြီးတစ်ဦး၏ ဆုံးဖြတ်ချက်အား နိုင်ငံတော် သမ္မတ၏ တောင်းဆိုချက်အရ ဝန်ကြီးများကောင်စီသို့ တင်သွင်းဆောင်ရွက်ရသည်။ ဝန်ကြီးများ ကောင်စီတွင် ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးများအရေအတွက်ကို ဥပဒေပြုအောက်လွှတ်တော် ပါလီမန်၏ ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းထက်မပိုစေရန် ကန့်သတ်ခဲ့ သည်။

၄၆။ **ပြည်နယ်အစိုးရအဖွဲ့။** ပြည်နယ်အစိုးရတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဝန်ကြီး ချုပ်နှင့် ဝန်ကြီးများပါဝင်သည်။ ပြည်နယ်တစ်ပြည်နယ်အတွက်သော်လည်းကောင်း၊ ပြည်နယ် (၂) ခု သို့မဟုတ် (၂) ခုထက်ပိုသော ပြည်နယ်များအတွက်သော်လည်းကောင်း ပြည်နယ်အုပ်ချုပ် ရေးမှူးတစ်ဦးတည်းကို နိုင်ငံတော်သမ္မတက ခန့်အပ်နိုင်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် အိန္ဒိယနိုင်ငံသားဖြစ်ရမည်ဖြစ်၍ အသက် (၃၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဖြစ်သည်။ ပြည်နယ်အုပ် ချုပ်ရေးမှူးကို ပြည်သူများကဖြစ်စေ၊ ရွေးချယ်ရေးအဖွဲ့ကဖြစ်စေ ရွေးချယ်ခန့်အပ်ခြင်း မဟုတ်ဘဲ ပြည်ထောင်စုအစိုးရက အမည်စာရင်းတင်သွင်းသူဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ရာထူး သက်တမ်းသည် (၅) နှစ်ဖြစ်ပြီး ထပ်မံခန့်အပ်ခံနိုင်ပိုင်ခွင့်ရှိသည်။

၄၇။ **ကျေးလက်ဒေသအုပ်ချုပ်ရေးအဖွဲ့။** ကျေးလက်ဒေသ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့အစည်း သည် စီမံအုပ်ချုပ်ရေးတွင် အခြေခံအကျဆုံးအဖွဲ့အစည်းလည်း ဖြစ်သည်။ ပြည်နယ်ဥပဒေပြု လွှတ်တော်က ယင်းအဖွဲ့အစည်း ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ယင်းအဖွဲ့ ၏ အဖွဲ့ဝင်များကို မဲဆန္ဒနယ်မြေအလိုက် တိုက်ရိုက်ရွေးချယ်သည်။ အသက် ၂၁ နှစ်ပြည့်ပြီးသူ များက ဝင်ရောက်အရွေးချယ်ခံနိုင်ပြီး သက်ဆိုင်ရာပြည်နယ်လွှတ်တော်များ၏ ကိုယ်စားလှယ် အရည်အချင်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ ကျေးလက်ဒေသ အုပ်ချုပ်ရေးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၁ တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရ မည်ဖြစ်သည်။

၄၈။ **မြို့ပြအုပ်ချုပ်ရေးအဖွဲ့။** မြို့ပြအုပ်ချုပ်ရေးအဖွဲ့ (Municipalities)၏ အဖွဲ့ဝင်များကို သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် တိုက်ရိုက်ရွေးချယ်သည်။ မြို့ပြအုပ်ချုပ်ရေးအဖွဲ့တွင် စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များကို နားလည်တတ်ကျွမ်းသူများ၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်နယ်၏ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်ကော်မတီ ဥက္ကဋ္ဌတို့ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁၂ တွင် ဖော်ပြထားသည့် ကိစ္စရပ်များကို မြို့ပြအုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ် ဥပဒေပြုလွှတ်တော်က ခွဲဝေအပ်နှင်းနိုင်ပါသည်။

**အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးခြင်း**

၄၉။ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအာဏာသည် ပြည်ထောင်စုပါလီမန် ဥပဒေပြုစာရင်းတွင် ပါဝင်သော ဥပဒေပြုပိုင်ခွင့်အာဏာအားလုံးအပေါ်တွင် ကျင့်သုံးဆောင်ရွက်နိုင်သည့်အပြင် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ သို့မဟုတ် သဘောတူညီချက်များအရ ပေးအပ်လာသော လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ရာတွင်လည်း အပြည့်အဝ အာဏာရှိသည်။[၃၅]

၅၀။ ပြည်ထောင်စု ပါလီမန်ဥပဒေအရသော်လည်းကောင်း၊ ပြည်နယ် ဥပဒေအရသော်လည်းကောင်း ပြည်ထောင်စုအစိုးရအား အုပ်ချုပ်ရေးအာဏာအပ်နှင်းထားပါက ယင်းအခွင့်အာဏာများကို ပြည်ထောင်စုအစိုးရကသာလျှင် ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ သို့သော် ပြည်ထောင်စုပါလီမန်က တစ်ပြိုင်တည်းဥပဒေပြုစာရင်းပါ အချို့သောကိစ္စရပ်များကို ဥပဒေပြုပိုင်ခွင့်ကို ကျင့်သုံး၍ ပြဋ္ဌာန်းထားသော်လည်း သီးခြားဖော်ပြထားခြင်းမရှိပါလျှင် ယင်းကိစ္စရပ်များအပေါ် ပြည်နယ်အစိုးရများက အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၅၁။ ထို့အပြင် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအာဏာသည် ပြည်နယ်များအပေါ် လွှမ်းမိုးနိုင်သော်လည်း ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအာဏာကို ဟန့်တားခြင်း သို့မဟုတ် ထိခိုက်နစ်နာခြင်းမရှိစေဘဲ ကန့်သတ်ချက်များနှင့်အတူ ပြည်နယ်အစိုးရများက ပြည်ထောင်စုပါလီမန် ဥပဒေများ တည်ဆဲဥပဒေများနှင့်အညီ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။[၃၆]

၅၂။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၇ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေးအာဏာများကို ပြည်ထောင်စုအစိုးရကသာလျှင် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

---

[35] Article 256 of the India Constitution, 1950.

[36] Article 258 of the India Constitution, 1950.

၅၃။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအာဏာကို ချဲ့ထွင်အသုံးပြုနိုင်သော ကိစ္စရပ်များကို ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်နယ်အစိုးရများထံသို့ လွှဲအပ်နိုင်သည်။ ထို့အပြင် ပြည်ထောင်စုပါလီမန်က ပြည်နယ် သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင် တစ်ဦးဦးကို အာဏာလွှဲအပ်ခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ရယူရန် မလိုအပ်ပေ။

၅၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅၈-က အရ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အုပ်ချုပ်ရေးကို ချဲ့ထွင်အသုံးပြုနိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စုသို့ အပ်နှင်းနိုင်သည်။ ပြည်နယ်ဥပဒေပြုလွှတ်တော်သည် ပြည်နယ်ဥပဒေပြုစာရင်းတွင် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်မရှိသော်လည်း ယင်းကဲ့သို့ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးအာဏာကို လွှဲအပ်နိုင်သည်။

၅၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၆၂ အရ ပြည်နယ်အချင်းချင်းဆက်သွယ်ထားသော ရေကြောင်းလမ်းများ၊ မြစ်ချောင်းချိုင့်ဝှမ်းများအား အသုံးပြုခြင်း၊ ခွဲဝေသုံးစွဲခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းစသည်တို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများ၊ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ဥပဒေကို ပြည်ထောင်စုပါလီမန်က ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ထို့အတူ ယင်းအငြင်းပွားမှု၊ တိုင်တန်းချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် အခြားတရားရုံးများက စီရင်ပိုင်ခွင့်မရှိကြောင်း ထည့်သွင်းပြဋ္ဌာန်းထားသည်။

**တရားစီရင်ရေး**

၅၆။ **တရားလွှတ်တော်ချုပ်။** ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၄ တွင် အိန္ဒိယနိုင်ငံ၏ တရားလွှတ်တော်ချုပ်တွင် “အိန္ဒိယနိုင်ငံ၏ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်တစ်ဦးနှင့် ဥပဒေပြုပါလီမန်က တရားသူကြီးဦးရေ ပို၍ထပ်မံပြဋ္ဌာန်းခြင်းမရှိပါက ၇ ဦးထက်မပိုသော တရားသူကြီးများ” ဖြင့် ပါဝင်ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသည်။ ၁၉၈၆ ခုနှစ်တွင် တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်အပြင် တရားသူကြီး ၂၅ ဦးဖြင့် တိုးမြှင့်ဖွဲ့စည်းရန် ခွင့်ပြုပေးခဲ့ဖူးသည်။ တရားလွှတ်တော်ချုပ် တရားသူကြီးများကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၂၄ - က အရ ဖွဲ့စည်းသည့် နိုင်ငံတော်တရားသူကြီးများ ခန့်အပ်ရေးကော်မရှင် (National Judicial Appointments Commission) ၏ ထောက်ခံချက်ဖြင့် တရားဝင်စေပြီး ၎င်းကိုယ်တိုင်အမိန့်ထုတ်ပြန်ခန့်အပ်ခြင်းပြုသည်။ တရားလွှတ်တော်ချုပ် တရားသူကြီးများသည် အသက် ၆၅ နှစ် အထိ

တာဝန်ထမ်းဆောင်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားလွှတ်တော်ချုပ်၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှုကို အာမခံပေးနိုင်ရန် တရားလွှတ်တော်ချုပ်တရားသူကြီးများအား အကာအကွယ်ပြုချက်များကို ပြဋ္ဌာန်းထားသည်။ တရားလွှတ်တော် တရားသူကြီးတစ်ဦး၏ အရည်အချင်းများတွင် အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်ရမည့်အပြင် တရားလွှတ်တော် သို့မဟုတ် တရားရုံးများရှိ တရားသူကြီးတစ်ဦးဖြစ်လျှင် အနည်းဆုံး ၅ နှစ် တစ်ဆက်တည်း လုပ်ကိုင်ဆောင်ရွက်သည့် သက်တမ်းရှိရမည် ဖြစ်သည်။ အကယ်၍ တရားလွှတ်တော် သို့မဟုတ် တရားရုံးများတွင် လိုက်ပါဆောင်ရွက်နေသည့် တရားရုံးချုပ်ရှေ့နေဖြစ်လျှင် အနည်းဆုံး ၁၀ နှစ်တစ်ဆက်တည်း လုပ်ကိုင်ဆောင်ရွက်သည့် သက်တမ်းရှိရမည် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ ထင်မြင်ယူဆချက်အရ ဂုဏ်သိက္ခာထင်ပေါ်ကျော်ကြားသည့် ဥပဒေပညာရှင်တစ်ဦးဖြစ်ရမည်ဖြစ်သည်။[၃၇]

၅၇။ တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းမီက ပြုလုပ်ထားသည့် ပဋိညာဉ်များ သို့မဟုတ် သဘောတူညီချက်များမှ ပေါ်ပေါက်လာသည့် အငြင်းပွားသည့် အချို့ကိစ္စရပ်များမှလွဲ၍ အိန္ဒိယနိုင်ငံ၏ အစိုးရနှင့် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်နယ်များအကြားဖြစ်ပွားသည့် အငြင်းပွားမှုများ၊ အစိုးရနှင့် ပြည်နယ်တစ်နယ် သို့မဟုတ် ပြည်နယ်များကတစ်ဖက် အခြားပြည်နယ် သို့မဟုတ် ပြည်နယ်များကတစ်ဖက် ဖြစ်ပွားသည့် အငြင်းပွားမှုများ၊ ပြည်နယ်များအကြားဖြစ်ပွားသည့် အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ရန် မူလစီရင်ပိုင်ခွင့်အာဏာရှိသည်။[၃၈] ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ အရ အပ်နှင်းထားသည့် အခွင့်အရေးများအား အခိုင်အမာအတည်ဖြစ်စေရန်အတွက် လျော်ကန်သည့်နည်းလမ်းဖြင့် တရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်ခွင့်" ကို ပေးထားသည်။

၅၈။ တရားလွှတ်တော်ချုပ်တွင် တရားလွှတ်တော်များကဆုံးဖြတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကဲ့သို့သော ပကတိအရေးကြီးသော ဥပဒေပြဿနာအများအပြားပါဝင်သည့် ပြစ်မှုနှင့် တရားမမှုများ၊ ယေဘုယျအရေးကြီးသော ဥပဒေရေးရာပြဿနာရပ်များ၊ တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ယူရန်လိုအပ်သည့် ပြဿနာများနှင့် သတ်မှတ်ထားသော ပြစ်မှုကိစ္စအချို့အပေါ်တွင် အယူခံစီရင်ဆုံးဖြတ်ခွင့်အာဏာရှိသည်။[၃၉]

၅၉။ နိုင်ငံတော်သမ္မတသည် အများပြည်သူတို့အတွက် အရေးကြီးသော ဆောင်ရွက်ရာ၌ ဥပဒေပြဿနာသို့မဟုတ် အကြောင်းခြင်းရာပြဿနာကို ဖြေရှင်းရန်အတွက် လိုအပ်ပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၄၃ အရ တရားလွှတ်တော်ချုပ်၏ အကြံပြုချက်ကို ရယူနိုင်သည်။ ဖွဲ့စည်းပုံ

[၃၇] Article 124 of the India Constitution, 1950.

[၃၈] Article 131 of the India Constitution, 1950.

[၃၉]Article 132 of the India Constitution, 1950.

အခြေခံဥပဒေအပိုဒ် ၁၄၀ အရ ဥပဒေပြုပါလီမန်သည် တရားလွှတ်တော်ချုပ်အား ဖြည့်စွက် အာဏာအပ်နှင်းခွင့်ရှိသည်။

၆၀။ တရားလွှတ်တော်ချုပ်သည် ဥပဒေပြုအဖွဲ့၏ ဥပဒေပြဋ္ဌာန်းမှုနှင့် အုပ်ချုပ်ရေးအာဏာပိုင်၏ အမိန့်တို့ကို တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ပြုနိုင်သည့် အခွင့်အာဏာရှိသည်။ ယင်းသို့ ပြန်လည်သုံးသပ်ရာတွင်လည်း တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်နိုင်သည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အုပ်ချုပ်ရေးဆိုင်ရာအမိန့်များနှင့် ဥပဒေပြုအဖွဲ့၏ ဥပဒေပြဋ္ဌာန်းမှုတို့ကိုပါ တရားစီရင်ရေးနည်းလမ်းဖြင့် ပြန်လည်သုံးသပ်နိုင်သည်။ ထို့သို့စိစစ်ရာတွင် ယင်းဥပဒေ သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါက ယင်းဥပဒေ သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။ ထို့အပြင် ယင်းကြေညာခြင်းခံရသည့် ဥပဒေ သို့မဟုတ် အမိန့်သည် အာဏာသက်ရောက်မှုမရှိတော့ဘဲ တရားမဝင်ပျက်ပြယ်သွားသည်။

၆၁။ **ပြည်နယ်တရားလွှတ်တော်များ။** ပြည်နယ်တရားလွှတ်တော်များသည် သက်ဆိုင်ရာပြည်နယ်ရှိ တရားစီရင်ရေးတွင် အမြင့်ဆုံးတရားရုံးဖြစ်သည်။ သို့သော် ပြည်ထောင်စုပါလီမန်သည် ပြည်နယ် (၂) ခု သို့မဟုတ် (၂) ခုထက်ပိုသော ပြည်နယ်များအတွက် ပြည်နယ်တရားလွှတ်တော်တစ်ရုံး တည်ထောင်ရန် အခွင့်အာဏာရှိသည်။[၄၀] ပြည်နယ်တရားရုံးချုပ်တွင် ပြည်နယ်တရားသူကြီးချုပ်နှင့် တရားသူကြီးများဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်တရားသူကြီးဦးရေ အများဆုံးမည်မျှထိ ခန့်အပ်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက ကန့်သတ်ထားခြင်းမရှိဘဲ နိုင်ငံတော်သမ္မတက လိုအပ်သည်ဟု ထင်မြင်ယူဆသည့်အချိန်တိုင်း ခန့်အပ်နိုင်သည်။[၄၁] နိုင်ငံတော်သမ္မတက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ပြည်နယ်တရားသူကြီးများကို ခန့်အပ်သည်။ ပြည်နယ်တရားသူကြီးတစ်ဦးသည် အသက် (၆၀) နှစ်အထိ တာဝန်ထမ်းဆောင်နိုင်သည်။[၄၂]

၆၂။ ပြည်နယ်တရားလွှတ်တော် တရားသူကြီးတစ်ဦးဖြစ်ရန် အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်ရမည်ဖြစ်ပြီး အိန္ဒိယပိုင်နက်နယ်မြေအတွင်း တရားရေးအရာရှိအဖြစ်အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ပြီးသူ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် သို့မဟုတ် ၎င်း၏ အောက်တရားရုံး (၂) ရုံးထက်ပိုသော တရားရုံးများတွင် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၁၀) နှစ်လိုက်ပါဆောင်ရွက်ဖူးသူဖြစ်ရမည်ဖြစ်သည်။[၄၃]

---

[၄၀] Article 214 of the India Constituion,1950.

[၄၁] Article 216 of the India Constitution,1950.

[၄၂] Article 217 of the India Constitution,1950.

[၄၃] Ibid.

## အောက်တရားရုံးများ

၆၃။ ပြည်နယ်အသီးသီးရှိ တရားလွှတ်တော်များ၏အောက်တွင် အောက်တရားရုံးများကို ဖွဲ့စည်းတည်ထောင်ထားသည်။ အောက်တရားရုံးများသည်လည်း ပြည်ထောင်စုတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များကဲ့သို့ပင် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိသည်။ ခရိုင်တရားသူကြီးများကို သက်ဆိုင်ရာပြည်နယ်၏ အုပ်ချုပ်ရေးမှူးများက ပြည်နယ်တရားလွှတ်တော်နှင့် ဆွေးနွေးတိုင်ပင်၍ ခန့်အပ်ခြင်းကို ပြုလုပ်သည်။ ထိုနည်းတူစွာ ထိုတရားသူကြီးများ၏ ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းတို့ကို ဆောင်ရွက်သည်။[၄၄]

၆၄။ ခရိုင်တရားသူကြီးတစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသူသည် တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး (၇) နှစ် လိုက်ပါဆောင်ရွက်ဖူးသူ ဖြစ်ရမည်ဖြစ်ပြီး ယင်းသို့ ရွေးချယ်ခန့်အပ်ရန် အတွက် ပြည်နယ်တရားလွှတ်တော်က ထောက်ခံအတည်ပြုပေးရမည်ဖြစ်သည်။ ထိုသို့ အရွေးချယ်ခံရသူသည် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်၏ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ မဖြစ်ရပေ။[၄၅]

## နိုင်ငံတော် တရားရေးဆိုင်ရာ ခန့်အပ်ရေးကော်မရှင်

၆၅။ အိန္ဒိယနိုင်ငံရှိ အဆင့်မြင့်တရားသူကြီးများ ခန့်အပ်ခြင်းနှင့် ပြောင်းရွှေ့ခြင်းတို့ကို အဓိကထားဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်သည့် ယင်းကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အမှတ် ၉၉ အရ တည်ထောင်ခြင်းဖြစ်သည်။ ၉၉ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၄ -က၊ ၁၂၄-ခ နှင့် ၁၂၄-ဂ တို့ကို ထည့်သွင်းပြဋ္ဌာန်းလျက် နိုင်ငံတော်တရားရေးဆိုင်ရာ ခန့်အပ်ရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

၆၆။ နိုင်ငံတော်တရားရေးဆိုင်ရာ ခန့်အပ်ရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၊ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သက်တမ်းရင့် တရားသူကြီး (၂) ဦး၊ တရားစွဲနှင့် တရားရေးဝန်ကြီး။ ထင်ပေါ်ကျော်ကြားသော ဂုဏ်သတင်းရှိသည့် ပုဂ္ဂိုလ် (၂)ဦး တို့ပါဝင်သည်။[၄၆] ယင်းပုဂ္ဂိုလ် (၂) ဦးကို အောက်လွှတ်တော်ရှိ ပြိုင်ဘက်ပါတီခေါင်းဆောင်၊ ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဝန်ကြီးချုပ်တို့ပါဝင်သော ကော်မတီက အမည်စာရင်းတင်သွင်းရမည်ဖြစ်သည်။ သို့သော် ပြိုင်ဘက်ပါတီ

---

[၄၄] Article 233 of the India Constitution,1950.

[၄၅] Article 233 of the India Constitution,1950.

[၄၆] Article 124A of the India Constitution, 1950.

ခေါင်းဆောင်မရှိပါက အောက်လွှတ်တော်ရှိ ပြိုင်ဘက်ပါတီ အကြီးဆုံးထဲမှ ခေါင်းဆောင်က ပါဝင်ရမည်ဖြစ်သည်။[၄၇]

၆၇။ ယင်းကော်မရှင်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ ခန့်အပ်ခြင်းနှင့် ပြောင်းရွှေ့ခြင်းတို့ကို အတည်ပြုထောက်ခံပေးရန် တာဝန်ရှိသည်။[၄၈] ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၄-ဂ အရ ပြည်ထောင်စုပါလီမန်က ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသည့်အတွက် နိုင်ငံတော်တရားရေးဆိုင်ရာခန့်အပ်ခြင်းကော်မရှင် အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေတို့သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့သည်။

၆၈။ ယင်းအက်ဥပဒေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်နယ်လွှတ်တော်များ၏ တရားသူကြီးများရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

၆၉။ ယင်းအက်ဥပဒေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က Supreme Court Advocates-on-record Association vs. Union of India[၄၉] အမှုကို ဆုံးဖြတ်ခဲ့သည်။ ယင်းအမှုဖြစ်အကြောင်းအရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မှတ်တမ်းအဖွဲ့နှင့် ဝါရင့်တရားလွှတ်တော်ရှေ့နေများက ၂၀၁၅ ခုနှစ်တွင် ယင်းအက်ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အမှတ် ၉၉ တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ သိမြင်နိုင်စေရန်အတွက် စာချွန်တော်တစ်စောင်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံသို့ တင်သွင်းခဲ့သည်။

၇၀။ ယင်းတင်သွင်းလွှာအမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ၅ ဦးအနက် ၁ ဦးကသာ ကန့်ကွက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အမှတ် ၉၉ ၏ အဓိကအရေးပါသော အပိုဒ်သည် အပိုဒ် ၁၂၄ - က ဖြစ်ကြောင်းဆုံးဖြတ်၍ တင်သွင်းသူများကို အနိုင်ပေးလိုက်ကြောင်း၊ ၉၉ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေနှင့် နိုင်ငံတော်တရားစီရင်ရေးဆိုင်ရာ ခန့်အပ်ရေးကော်မရှင် အက်ဥပဒေ (၂၀၁၄) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍ ပျက်ပယ်ကြောင်း၊ ယင်းအက်ဥပဒေ (၂) ခု မပြဋ္ဌာန်းမီက ကျင့်သုံးခဲ့သော တရားသူကြီးများ ခန့်အပ်ခြင်းနှင့် ပြောင်းရွှေ့ခြင်းစနစ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

---

[၄၇] Article 124A of the India Constitution,1950.

[၄၈] Article 124B of the India Constitution,1950.

[၄၉] AIR 2015 SC 5457.

## နိုင်ငံသားများ၏ မူလအခွင့်အရေးများ

၇၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ အခြေခံအခွင့်အရေးများတွင် ပုဂ္ဂိုလ်တစ်ဦးချင်း အခွင့်အရေးများ လွတ်လပ်ခွင့်များနှင့် အကာအကွယ်ပေးမှုများကို အာမခံပေးခြင်းများ ပါဝင်သည်။ နိုင်ငံတော်ဆိုသည်မှာ အိန္ဒိယနိုင်ငံ၏ အစိုးရနှင့်ပါလီမန်တို့အပြင် အိန္ဒိယနိုင်ငံနယ်နိမိတ်တွင်ရှိသော ဒေသဆိုင်ရာအာဏာပိုင်အားလုံးနှင့် နိုင်ငံ၏ ပြည်နယ်များတွင်ရှိသော အစိုးရနှင့် ဥပဒေပြုရေးတို့လည်း အကျုံးဝင်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

၇၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃ တွင် နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၃ က ပေးအပ်ထားသော အခွင့်အရေးများကို ကန့်သတ်သည့် ဥပဒေများအား မပြဋ္ဌာန်းရကြောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါအခွင့်အရေးများတွင် ဥပဒေ၏ ရှေ့မှောက်တွင် တရားမျှတခြင်း၊ ကိုးကွယ်သည့် ဘာသာအယူဝါဒ၊ လူမျိုး၊ အမျိုးဇာတ်၊ ကျား၊ မ သို့မဟုတ် မွေးဖွားရာဒေသ (စီးပွားရေးကုန်သွယ်မှုလုပ်ငန်းရပ်များ၊ နိုင်ငံတော်ငွေကြေးဆိုင်ရာကိစ္စရပ်နှင့် အများပြည်သူဆိုင်ရာ သက်သာမှုများအတွက် အတိအလင်းသတ်မှတ်ထားသည်) တို့အပေါ်အခြေခံ၍ ခွဲခြားခြင်းကို တားမြစ်ခြင်း၊ လွတ်လပ်စွာပြောဆိုခွင့်၊ အသက်ရှင်နေထိုင်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုတို့ကို အကာအကွယ်ပေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း ကိစ္စရပ်များကို အကာအကွယ်ပေးခြင်းနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်တို့ပါဝင်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇ သည် "အမျိုးဇာတ်ခွဲခြားခြင်း (Untouchability) အား ဖျက်သိမ်းခြင်းနှင့် အထူးအားဖြင့် ဆက်စပ်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂ သည် တရားရုံးများတွင် ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများအတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။

၇၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၄ တွင် လူ့အဖွဲ့အစည်း၏သဘာဝနှင့် ပြည်သူအများ၏ သက်သာချောင်ချိမှုကို မြှင့်တင်ပေးခြင်းတို့အား အာမခံပေးရန်အတွက် ဥပဒေပြုရေးအား ညွှန်ကြားထားသည့် အခြေခံမူများကို ပါဝင်ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း ၄ က တွင် "နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားဆောင်ရွက်ရန် လှုံ့ဆော်ထားသည့် အလွန်မြင့်မြတ်သော အတွေးအခေါ်များကိုလိုက်နာပြီး မြတ်နိုးစွာ ကာကွယ်စောင့်ရှောက်ခြင်း" နှင့် "ပုဂ္ဂလိကပိုင်ပစ္စည်းများကို အကာအကွယ်ပေးထားပြီး အကြမ်းဖက်ဆက်ဆံမှု မပြုရခြင်း" တို့ ပါဝင်ပြီး နိုင်ငံသားများ၏ အခြေခံတာဝန်ဝတ္တရားများကို ထည့်သွင်းပြဋ္ဌာန်းထားသည်။

## ရွေးကောက်ပွဲကော်မရှင်

**၇၄။** ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေး သို့မဟုတ် စီမံအုပ်ချုပ်ရေး ဝင်ရောက်နှောင့်ယှက်မှု တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းတာဝန်များကို လွတ်လွတ်လပ်လပ်ဖြင့် ဆောင်ရွက်နိုင်သော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂၄ အရ

ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုပါလီမန်ရှိ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲများ၊ ပြည်နယ်အသီးသီးရှိ ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲများ၊ သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက်ပွဲများကို ကြီးမှူးဆောင်ရွက်ရသည်။ ရွေးကောက်ပွဲကော်မရှင်တွင် ရွေးကောက်ပွဲကော်မရှင်နာချုပ် တစ်ဦး၊ သမ္မတကအရေအတွက် သတ်မှတ်ထားသည့် ရွေးကောက်ပွဲကော်မရှင်နာ (၂) ဦးဖြင့် ဖွဲ့စည်းထားသည်။

၇၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂၉ အရ မဲဆန္ဒနယ်သတ်မှတ်ခြင်း သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေတစ်စုံတစ်ရာ တရားဝင်အတည်ဖြစ်မှု ရှိ မရှိကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုနိုင်ခြင်းမရှိပေ။ ထိုအပြင် ပြည်ထောင်စုပါလီမန်ရှိ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများ၊ ပြည်နယ်အသီးသီးရှိ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများစသည်တို့၏ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုမူ ပြည်နယ်တရားလွှတ်တော်များသို့ ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားလွှာများကို တင်သွင်းနိုင်ပြီး ယင်းအမှုများ၏ အယူခံမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းရမည်ဖြစ်သည်။

**Indira Gandhi v. Raj Narain**

၇၆။ ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ Indira Gandhi v. Raj Narain[၅၀] အမှုသည် ထင်ရှားသောအမှုဖြစ်သည်။ ယင်းအမှုဖြစ်အကြောင်းအရင်းမှာ ၁၉၇၁ ခုနှစ်၊ ၅ ကြိမ်မြောက် အောက်လွှတ်တော် အထွေထွေရွေးကောက်ပွဲများကို အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းရွေးကောက်ပွဲသို့ Raj Narain နှင့် Indira Gandhi တို့က ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြသည်။ ရွေးကောက်ပွဲရလဒ်အရ ယင်းရွေးကောက်ပွဲတွင် Indira Gandhi က အနိုင်ရရှိခဲ့သည်။ Raj Narain က ယင်းရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဟု ယုံကြည်ခဲ့ခြင်းကြောင့် ယင်းရွေးကောက်ပွဲရလဒ်ကို မကျေနပ်ခဲ့ပေ။ ထို့ကြောင့် Raj Narain သည် Indira Gandhi အနိုင်ရရှိသည့် ရွေးကောက်ပွဲများကို တရားမဝင်ကြောင်း ကြေညာပေးစေလိုသည့်အတွက် Allahabad High Court အာလဘာတ်ပြည်နယ် တရားလွှတ်တော်သို့ လျှောက်ထားလွှာ တင်သွင်းခဲ့သည်။ ယင်းလျှောက်ထားလွှာတွင် Indira Gandhi သည် ပြည်သူကိုယ်စားလှယ်များ ကိုယ်စားပြုခြင်း အက်ဥပဒေ (၁၉၅၁) တွင် ထည့်သွင်းဖော်ပြထားသော ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်များကို ချိုးဖောက်ကြောင်း၊ အစိုးရ အင်အားကိုရယူပြီး ရွေးကောက်ပွဲအတွက်ရည်ရွယ်၍ မဲဆန္ဒရှင်များအား အန္တေးစောင်နှင့် အရက်များ ဖြန့်ဝေပေးခဲ့ကြောင်း ထည့်သွင်းဖော်ပြထားသည်။

[၅၀] 1975 AIR 865, 1975 SCR (3) 333.

၇၇။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီး Jagmohan Lal Sinha က ပြည်သူများကိုယ်စားပြုခြင်း အက်ဥပဒေ ပုဒ်မ ၁၂၃ (၇) အရ အစိုးရအထောက်အပံ့ကို လွဲမှားစွာအသုံးပြုခြင်း အပြစ်ရှိကြောင်းတွေ့ရှိရ၍ ဝန်ကြီးချုပ်ရာထူးကို တာဝန်ထမ်းဆောင်ခွင့် မရှိကြောင်း၊ ရွေးကောက်ပွဲများတွင် (၆) နှစ်အထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို Indira Gandhi က ကျေနပ်မှုမရှိ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထံသို့ အယူခံလွှာ တင်သွင်းခဲ့သည်။

၇၈။ ထို့နောက် နိုင်ငံတော်သမ္မတ Fakhrudeen Ali Ahmad က နိုင်ငံတွင်း ဆူပူသောင်းကျန်းမှုကို အကြောင်းပြု၍ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ယင်းသို့ ကြေညာထားချိန်တွင် အတိုက်အခံနိုင်ငံရေးပါတီမှ ခေါင်းဆောင်များအပါအဝင် လူပေါင်း ၁၃၀၀၀ ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုအပြင် အဖွဲ့အစည်းများဖွဲ့စည်းခွင့်ကို ပိတ်ပင်ခြင်းနှင့် သတင်းစာလွတ်လပ်ခွင့်တို့ကို ကန့်သတ်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ၃၉ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တွင် သမ္မတ၊ ဝန်ကြီးချုပ်၊ ဒုတိယသမ္မတနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့၏ ရွေးကောက်ခြင်းများနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ စီရင်ပိုင်ခွင့်မရှိကြောင်း ပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်မတိုင်မီ ထိုကဲ့သို့ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပေ။ ယင်းပြင်ဆင်ချက်ကြောင့် တရားရုံးတစ်ရုံးသည် ရွေးကောက်ပွဲတရားမဝင်ကြောင်း အမိန့်ထုတ်ပြန်ခြင်းသည် တရားမဝင်ခြင်း သဘောသက်ရောက်သွား၍ အကျိုးသက်ရောက်မှုမရှိတော့ပေ။ ထို့ကြောင့် ယင်း ၃၉ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်ထံသို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

၇၉။ ၃၉ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ တင်သွင်းလွှာနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂၉-က (၄) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိ ကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော် တစ်ချိန်တည်းမှာပင် တရားလွှတ်တော်ချုပ်က ပြည်နယ် တရားရုံး၏ Indira Gandhi မဲသမာမှု ပြုလုပ်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်းသည် ဆုံးဖြတ်ချက်ကို ပယ်ချပေးခဲ့သဖြင့် ၎င်းက ဆက်လက်အာဏာရရှိခဲ့သည်။

**အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၈၀။ အိန္ဒိယနိုင်ငံ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅၂ မှ အပိုဒ် ၃၆၀ အထိ စုစုပေါင်း အပိုဒ် (၉) ပိုဒ်ဖြင့် ပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံ၏ အရေးပေါ်ကာလ ကြေညာရသည့်အခြေအနေ (၃) ရပ်ရှိသည်။ ပထမတစ်ခုမှာ နိုင်ငံတော်၏

အချုပ်အခြာအာဏာကို ထိပါးခြိမ်းခြောက်ခံရခြင်း၊ ဒုတိယမှာ ပြည်နယ်တစ်ခုခုက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ကျင့်သုံးဆောင်ရွက်ရန် မဖြစ်နိုင်သည့် အခြေအနေ ပေါ်ပေါက်လာခြင်းနှင့် နောက်ဆုံးတစ်ခုမှာ ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အရေးပေါ်အခြေအနေ ကြေညာခြင်းတို့ ဖြစ်သည်။ အပိုဒ် ၃၅၂ (၁) အရ အိန္ဒိယနိုင်ငံ၏ နယ်မြေတစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးသော်လည်းကောင်း စစ်မက်ပြုခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း သို့တည်းမဟုတ် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် နိုင်ငံတော်၏ လုံခြုံရေးကို ထိပါးနှောင့်ယှက်ခံရလျှင် နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာရပါမည်။ ထို့အပြင် နိုင်ငံတော်သမ္မတက ထိပါးနှောင့်ယှက်မည်ဟု အမှန်တကယ်ထင်မြင်ယူဆပါကလည်း ထုတ်ပြန်နိုင်သည်။ အပိုဒ် ၃၅၆ အရ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုခုက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ကျင့်သုံးဆောင်ရွက်ရန် မဖြစ်နိုင်သည့် အခြေအနေဖြစ်ပေါ်လာသည်ဟု နိုင်ငံတော်သမ္မတက ယူဆလျှင်လည်း အရေးပေါ်အခြေအနေ ထုတ်ပြန်နိုင်သည်။

၈၁။ ထို့အတူ အပိုဒ် ၃၆၀ တွင်မူ ဘဏ္ဍာရေးဆိုင်ရာအရေးပေါ်အခြေအနေ ကြေညာနိုင်ကြောင်းကို ပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးသော်လည်းကောင်း၊ ပြည်နယ်တစ်ခုခုတွင်သော်လည်းကောင်း ဘဏ္ဍာရေးအကြပ်အတည်း ပေါ်ပေါက်လာခြင်း၊ ဘဏ္ဍာငွေကြေးတည်ငြိမ်မှုကို ပျက်ပြားစေမည့် ခြိမ်းခြောက်မှုမျိုး ပေါ်ပေါက်လာနိုင်သည်ဟု နိုင်ငံတော်သမ္မတက ထင်မြင်ယူဆလျှင်လည်း အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

၈၂။ အပိုဒ် ၃၆၀ အရ အရေးပေါ်အခြေအနေကြေညာထားခြင်းခံရသည့် ပြည်နယ်တစ်ခုခု သို့မဟုတ် ပြည်နယ်များ၏ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ညွှန်ကြားပိုင်ခွင့်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတွင် အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းများ၏ လစာများ၊ ခံစားခွင့်များကို ဖြတ်တောက်လျှော့ပေါ့ခွင့် အပါအဝင်လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ပိုင်ခွင့် အာဏာအား နိုင်ငံတော်သမ္မတထံသို့ အပြည့်အဝအပ်နှင်းထားသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

၈၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းစတင်တင်သွင်းရသည်။ အဆိုပါဥပဒေကြမ်းကို ကိုယ်စားလှယ်စုစုပေါင်း၏ များရာဆန္ဒမဲဖြင့် ချမှတ်ရမည်ဖြစ်ပြီး အနည်းဆုံး ကိုယ်စားလှယ် ၃ ပုံ ၂ ပုံ တက်ရောက်၍ မဲဆန္ဒပေးရမည်ဖြစ်သည်။ ထို့နောက် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် သဘောတူညီရမည်။ အချို့ပြင်ဆင်ချက်များ ဥပမာအားဖြင့် ဥပဒေပြုပါလီမန်တွင်

ပြည်နယ်များ၏ ကိုယ်စားပြုခြင်း၊ နိုင်ငံတော်သမ္မတအား ရွေးချယ်သောနည်းလမ်း အခြေခံဥပဒေကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများတွင် နိုင်ငံတော်သမ္မတ၏ သဘောတူချက်မရယူမီ အနည်းဆုံးထက်ဝက်ရှိ ပြည်နယ်ဥပဒေပြုရေးအဖွဲ့များ၏ အတည်ပြုချက်လိုအပ်သည်။

၈၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း လုပ်ထုံးလုပ်နည်းသည် သာမန်အားဖြင့် ပြင်ဆင်ရန် လွယ်ကူသော ပြင်ဆင်နည်းဖြစ်သော်လည်း အချို့သော ပြင်ဆင်ချက်များကို သတ်မှတ်ထားသည့် အတည်ပြုရမည့် နည်းလမ်းဖြင့်သာ ပြင်ဆင်နိုင်ကြောင်း တွေ့ရှိရသဖြင့် အနည်းငယ်ပြင်ဆင်ရန် ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကဏ္ဍသည် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် အနည်းငယ် တူညီသည်။

**နိဂုံး**

၈၅။ အိန္ဒိယသမ္မတနိုင်ငံသည် ရှေးပဝသိကတည်းက တည်ရှိနေခဲ့သော နိုင်ငံဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအစဉ်အလာကြီးမားသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအများစု၏ ဖက်ဒရယ်သဘောတရားများကို စုစည်း၍ နိုင်ငံတော်နှင့် ဆီလျော်မည့် ဖက်ဒရယ်သဘောတရားများကို ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ထို့အတူနိုင်ငံ၏ မဏ္ဍိုင်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ခွဲခြားကျင့်သုံးရာတွင် အပြန်အလှန်မှီတည်နေသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဗဟိုနှင့် ပြည်နယ်များ၏ အာဏာခွဲဝေကျင့်သုံးရာတွင်လည်း ဗဟိုထိန်းချုပ်မှုလျော့ချသောစနစ်ကို အသုံးပြုသော်လည်း အချို့သော ကိစ္စရပ်များတွင်မူ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးကြောင်းတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်စနစ်ကျင့်သုံးသောနိုင်ငံဟု အတိအလင်း ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း ဗဟိုချုပ်ကိုင်မှုလျော့ချသော ပြည်ထောင်စုနိုင်ငံအဖြစ် ကျင့်သုံးကြောင်း သုံးသပ်တွေ့ရှိရသည်။

၈၆။ အိန္ဒိယနိုင်ငံ၏ ဥပဒေပြုရေးကဏ္ဍတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအတွက် ဥပဒေပြုပိုင်ခွင့်ကို သီးခြားစာရင်းပြုစု၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပြုပိုင်ခွင့် ပေးအပ်ထားသည့်အပြင် ပြည်ထောင်စုနှင့် ပြည်နယ်များ တစ်ပြိုင်တည်းဥပဒေပြုပိုင်ခွင့်ကိုလည်း ပြဋ္ဌာန်းထားသည်။ ဥပဒေပြုစာရင်းတွင် မပါဝင်သော ကိစ္စရပ်များအတွက် ပြည်ထောင်စုပါလီမန်ကို အခွင့်အာဏာအပ်နှင်းထားကြောင်းတွေ့ရှိရသဖြင့် holding together စနစ်ကို ကျင့်သုံးကြောင်း သုံးသပ်တွေ့ရှိရသည်။

၈၇။ အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍသည် ဖက်ဒရယ်ကျင့်သုံးသော နိုင်ငံများအနက် ထူးခြားမှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စီမံအုပ်ချုပ်ရေးကဏ္ဍတွင်မူ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ

သာမက မြို့ပြအဆင့်အုပ်ချုပ်ရေး၊ ကျေးလက်ဒေသအဆင့် စီမံခန့်ခွဲရေးတို့ကိုပါ ထည့်သွင်း ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည့်အပြင် သက်ဆိုင်ရာအဆင့်အလိုက် အုပ်ချုပ်ရေးအာဏာကို ခွဲဝေအပ်နှင်းထားသည်ကို တွေ့ရှိရသည်။ ကျေးလက်ဒေသအဆင့်နှင့် မြို့ပြအဆင့် အုပ်ချုပ်ရေး တို့တွင် သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များက ဇယား (၁၁) နှင့် (၁၂) ပါ ကိစ္စရပ်များကို ဥပဒေ ပြုပိုင်ခွင့်ပေးအပ်ထားသဖြင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသော ဥပဒေများတွင် ထည့်သွင်း ၍ တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့်ပေးအပ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။

၈၈။ ထို့အတူ တရားစီရင်ရေးကဏ္ဍတွင်မူ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ရပ်တည် ထားသည်ကိုတွေ့ရှိရပြီး တရားရုံးများ ဖွဲ့စည်းတည်ထောင်မှုကိုမူ ပြည်ထောင်စုပါလီမန်သို့ အပ်နှင်းထားကြောင်း၊ တရားသူကြီးများခန့်အပ်မှုကိုမူ သီးခြားကော်မရှင်၏ ထောက်ခံအတည်ပြု ချက်ဖြင့်သာ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်းတို့ကို ဆောင်ရွက်ကြောင်း တွေ့ရှိရသည်။

ကျမ်းကိုးစာရင်း

၁။ The Constitution of India: A Contextual Analysis, Arun K Thiruvengadam 2017.

၂။ The India's Constitution, 1950 with Amendements through 2021.

၃။ မြန်မာစွယ်စုံကျမ်း၊ စာပေဗိမာန်၏ ရုပ်ပြဗဟုသုတဘဏ်၊ အတွဲ (၁၅)၊ မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ရန်ကုန်။

၄။ နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယအကြိမ် ထုတ်ဝေခြင်း။

၅။ Law.uok.edu.in/ files 15ce6c765-c013-446c-b6ac-b9de496f875/ Custom/ UNIT% 2001.pdf.

၆။ Supreme Court Advocates-on-record Association vs. Union of India, AIR 2015 SC 5457.

၇။ Indira Gandhi v. Raj Narain, 1975 AIR 865, 1975 SCR (3) 333.

၈။ www.wikipedia.com.